မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၃၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများလည်း တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ကပ်လှူကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးနှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့၌ ဆီးဂိမ်းပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း၊ ရုံများပြင်ဆင်

27th SEA GAMES MYANMAR 2013 NAY PYI TAW

ရန်ကုန် နိုဝင်ဘာ ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ရာ ပြိုင်ပွဲများ လက်ခံကျင်းပမည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် အားကစားနည်း ၃၃ နည်း လက်ခံကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည့် သေနတ်ပစ်၊ ကမ်ပို၊ အလေးမ၊ နပန်း၊ အမျိုးသားဘောလုံး၊ ဟော်ကီ၊ ကာယကြံ့ခိုင်မှု အားကစားနည်းများကျင်းပသွားမည်ဖြစ်၍ အားကစားကွင်း၊ အားကစားရုံများ နောက်ဆုံးအဆင့် ပြင်ဆင်ထားမှု၊ အားကစားသမားများ လေ့ကျင့်နေမှု၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေများ လိုက်လံကြည့်ရှုခြင်းကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစား အဖွဲ့ခေါင်းဆောင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယရုံးအဖွဲ့မှူးညွှန်ကြားရေးမှူး ဦးကျော်ဦး၊ ပြိုင်ပွဲများ ကျင်းပရေးနှင့် အောင်နိုင်ရေး (ရန်ကုန်) တာဝန်ခံအားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ မြန်မာအားကစား အဖွဲ့ခေါင်းဆောင် အတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေး(ရန်ကုန်) တာဝန်ခံအတွင်းရေးမှူးနှင့်တာဝန်ရှိသူတို့သည် နိုဝင်ဘာ ၄ ရက်က သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌အမျိုးသား အမျိုးသမီးအသင်းများ လေ့ကျင့်နေမှု၊

စာမျက်နှာ ၃ ကော်လံ ၁ ◆

မှန် ဒေါက်တာ

U.S.A.

ရန်ကုန် - ☏: 09-4211 51119, 09-4500 54449

မန္တလေး - ☏: 09-7322 9563, 09-7312 0614

www.MhanDoctor.com facebook.com/MhanDoctor

T-Bar, L-Bar

01-541 018, 01-450 783, 09-730 20031

www.Thamardi.com facebook.com/Thamardi

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်နှင့် အပန်းဖြေပျော်ရွှင်မှု

“ယနေ့လူငယ်၊ နောင်ဝယ်လူကြီး”ဟူသော ဆိုရိုးစကားရှိပါသည်။ လူကြီးဟုဆိုရာ၌ အသက်အရွယ်ကြီးခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ ပညာဉာဏ် ဗဟုသုတပြည့်စုံကြွယ်ဝပြီး အနာဂတ်ကို ကောင်းစွာ စီမံကွပ်ကဲနိုင်သော လူကြီးကိုဆိုလိုခြင်းဖြစ်ပါသည်။ ဤသို့ လူကြီးလူကောင်းဖြစ်လာရန်ကား လူငယ်ဘဝသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ လူငယ်ဘဝကို ပြုစုပျိုးထောင်ပေးပြီး လမ်းကြောင်းမှန်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်မှသာ လူကြီး လူကောင်းဖြစ်နိုင်ပါသည်။ လူတော် လူကောင်း၊ လူကြီးလူကောင်းဖြစ်လာစေရန် လူငယ်ဘဝသည် ပဓာနအကျဆုံးဖြစ်ပါသည်။ လူငယ်သည်သာ အနာဂတ်၊ လူငယ်သည်သာ အရင်းအမြစ်ဖြစ်ပါသည်။

သို့ရာတွင် လူငယ်အများစုတို့သည်ကား အပန်းဖြေပျော်ရွှင်မှုတို့ဖြင့်သာ အချိန်ကုန်နေကြပါသည်။ အမှန်အားဖြင့် အပန်းဖြေပျော်ရွှင်မှုအလုပ်သည် ရံဖန်ရံခါလုပ်ရသော ဖျော်ဖြေမှုတစ်ခုသက်သက်သာဖြစ်ပါသည်။ စိတ်ပင်ပန်းနွမ်းနယ်သည့်အခါ ကိုယ်စိတ်နှစ်ဖြာ လန်းဆန်းရွှင်ပျစေရန် အပန်းဖြေသည့်သဘောဖြင့် ပျော်ရွှင်မှုအလုပ်ကို လုပ်ကိုင်ကြလေ့ရှိပါသည်။ အချိန်ရှိတိုင်း အပျော်အပါးကိုသာ လိုက်စားနေကြမည်ဆိုပါက လူ့ဘဝ၏ တိုးတက်အောင်မြင်ခြင်းကို ရရှိနိုင်တော့မည်မဟုတ်ပါ။ အပျော်အပါးသည် လူကိုပျက်စီးဆုတ်ယုတ်စေသည့် သဘောရှိပါသည်။ အပျော်အပါးလိုက်စားလွန်း၍ ပျက်စီးကြသော လူငယ်အများအပြားရှိပါသည်။

ယနေ့ခေတ်တွင် ပျော်ရွှင်မှုပေးနိုင်သော နေရာများသည်ကား များပြားလှပေစွ။ ပျော်ရွှင်စရာနေရာများစွာနှင့် ပုံစံအမျိုးမျိုးတို့သည် လူငယ်တို့အား အမြဲဖိတ်ခေါ် ဆွဲဆောင်လျက်ရှိပါသည်။ ညကလပ်နှင့် ဘားမျိုးစုံ၊ ကာရာအိုကေနှင့် စားသောက်ဆိုင်များသည်ကား လူငယ်တို့အား ဖိတ်ခေါ်ကြကုန်၏။ ဆေးလိပ်နှင့် မူးယစ်ဆေးဝါး၊ အရက်နှင့် ကာမတဏှာတို့သည်လည်း လူငယ်တို့အား ဖျက်ဆီးစေတတ်၏။ ဤပျော်ရွှင်မှုနယ်ပယ်တို့တွင် ပျော်ပါးတတ်သော လူငယ်တို့သည် တဖြည်းဖြည်း ဆုတ်ယုတ်ပျက်စီးခြင်းသို့သာ ရောက်ကြရလေသည်။

ထို့အပြင် အခြားအခြားသော အပန်းဖြေပျော်ရွှင်မှုတို့သည်လည်း အမြဲတစေ လိုက်စားမနေသင့်ပါ။ အပန်းဖြေပျော်ရွှင်မှုသည် ရံဖန်ရံခါမျှသာလုပ်ရသော ကိစ္စဖြစ်ပါသည်။ အပျော်အပါးနောက်သို့ တကောက်ကောက်လိုက်နေမည့်အစား စာပေဗဟုသုတရှာမှီးခြင်း၊ အတတ်ပညာတစ်ခုခုကို လေ့လာသင်ယူခြင်း၊ စီးပွားဥစ္စာရှာဖွေခြင်းတို့ကိုသာ ပြုလုပ်သင့်ပါသည်။ လူတိုင်း လူတိုင်းသည် အမြဲတမ်း လိုအပ်ချက်တစ်ခုခု ရှိနေတတ်ပါသည်။ ပြီးပြည့်စုံသူဆိုသူကား ရှားပါးသည်။ ငယ်ရွယ်နုပျိုစဉ် လူငယ်ဘဝတွင် အရာရာဖြည့်ဆည်းထားနိုင်ပါမှ အရည်အချင်းပြည့်ဝလာပြီး အနာဂတ်ကို ဦးဆောင်နိုင်မည့် လူကြီးလူကောင်းများ ဖြစ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်လူရွယ်တို့အနေဖြင့် အပျော်အပါးများကိုလျှော့ပြီး အလုပ်များများလုပ်ကိုင်ခြင်းဖြင့် အရည်အချင်းပြည့်ဝအောင် ဖြည့်ဆည်းနေကြရမည် ဖြစ်ပါကြောင်း။ ။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

(၄၇)ပါးစုံညီ တတိယအစည်းအဝေး ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄၊ ၅၊ ၆ ရက်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၁၊ ၂၂၊ ၂၃ ရက် (ကြာသပတေး၊ သောကြာ၊ စနေနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇၊ ၈ ရက်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၄၊ ၂၅ ရက်(တနင်္ဂနွေ၊ တနင်္လာနေ့) တို့တွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့)အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါ နေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

ပင်လယ်ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပစေလို

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဇီးဖြူသောင်ကျေးရွာ ခမင်းဆိပ်ကျေးရွာမှ ပင်လယ်ကမ်းခြေနှင့် အစင်စံပြကျေးရွာအုပ်စု ဆိပ်ကလေးကျေးရွာ၊ ဘုရားတောင်ပင်လယ်ဝ ကမ်းခြေတစ်လျှောက်လုံးတွင် လူအများစွန့်ပစ်ထားသောအမှိုက်များ စားကြွင်းစားကျန်များနှင့် မစင်များကို ပင်လယ်ကမ်းခြေ နေရာအနှံ့အပြားတွင် တွေ့ရှိရသောကြောင့် အဆိုပါ စွန့်ပစ်အကြွင်းအကျန်များကြောင့် ပင်လယ်ရေများညစ်ညမ်းစေခြင်း၊ အသားငါးဖွံ့ဖြိုးမှုနည်းပါးခြင်း၊ ပင်လယ်ကမ်းခြေများညစ်ညမ်း၍ သဘာဝပတ်ဝန်းကျင်သာယာလှပမှု ထိခိုက်စေနိုင်ခြင်းနှင့် ကျန်းမာရေးထိခိုက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ဒေသအတွင်း ခရီးသွားများနေ့စဉ် သွားလာနေသည့်အပြင် နိုင်ငံခြားခရီးသွား ဧည့်သည်များလည်း လာရောက်လည်ပတ်သဖြင့် ဘုရားတောင် ပင်လယ်ဝကမ်းခြေ အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေသော်လည်း ယခုလက်ရှိအချိန်တွင် ဇီးဖြူသောင် ခမင်းဆိပ်ကမ်းခြေများတွင် အများဆုံးဖြစ်ပေါ်နေသည်။ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း ဆောင်ရွက်မှသာလျှင် သာယာလှပသော အဆင့်မြင့် ပင်လယ်ကမ်းခြေဖြစ်လာမည် ဖြစ်သည်။ **နေမျိုးထွဋ်(ရေး)**

(၂၅)ကြိမ်မြောက် ငွေရတု မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အစိုးရအထက်တန်းကျောင်း (ဟုမ်းလမ်း၊ ထီးတန်း)ကျောင်းတော်ကြီးတွင် ၁၉၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က ၁၉၅၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အထက်ပါကျောင်းတွင် ပညာများပို့ချခဲ့သည့် ကျေးဇူးရှင် ဆရာ ဆရာမကြီးများကို (၂၅) ကြိမ်မြောက် ငွေရတု မြတ်ဆရာကန်တော့ပွဲနှင့် ပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူဟောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ နိုဝင်ဘာ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) (အမျိုးသားနေ့) နံနက် ၁၀ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ အလုပ်အမှုဆောင်အဖွဲ့က ကန်တော့ခံ ဆရာ ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကြိုတင်ဖိတ်ကြားထားကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိသော ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကန်တော့ပွဲအခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖြူးမြို့နယ်ရှိ တောင်သူလယ်သမားများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

ဖြူး နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၁ အုပ်စုတို့မှ တောင်သူလယ်သမားများအား ၂၀၁၃ ခုနှစ် ဆောင်းရာသီ ဆောင်းသီးနှံစိုက်ဧက ၉၀၀၀၀ အတွက် တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖြူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နိုဝင်ဘာ ၁ ရက်မှစ၍ ဘဏ်ခွဲမန်နေဂျာ ဦးထိန်ဝင်းနှင့်ဝန်ထမ်းများက ထုတ်ချေးလျက်ရှိသည်။ ထိုသို့ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက အမဲခေါင်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စု၊ ရေသျှုံကြီးကျေးရွာအုပ်စုနှင့် ရွာတန်းရှည်ကျေးရွာအုပ်စု အုပ်စုလေးအုပ်စုတို့မှ တောင်သူလယ်သမားများအား ဆောင်းသီးနှံစိုက်ဧက ၄၄၉၇ ဧကအတွက် တစ်ဧကငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ၈၉၉ ဒသမ ၄ သိန်း ထုတ်ချေးမည်ဖြစ်ရာ တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးသွင်းရမည့် နောက်ဆုံးရက်နှင့် သက်သာသော အတိုးနှုန်းဖြစ်သည့် ငွေကျပ် ၁၀၀ လျှင် ၇၁ ပြားနှုန်းဖြင့်သာ ပေးဆပ်ရမည်ဖြစ်သည့်အတွက် ဆောင်းသီးနှံပေါ်ချိန်မှစ၍ ဇွန်လကုန် နောက်ဆုံးထားပြီး အကျေအလည် ပြန်လည်ပေးဆပ်ကြရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဒုကြီးကြပ်ရေးမှူး ဒေါ်နွဲ့နွဲ့သိန်းက ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ချေးငွေများကို လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးထိန်ဝင်းနှင့် ဝန်ထမ်းများက ထုတ်ချေးပေးကြောင်း သိရသည်။ **ဖြူးမြင့်ဦး**



ပြည်တွင်းသတင်း

ဥပဒေပြုလွှတ်တော်များနှင့် UNDP ပူးပေါင်း၍ Rebuilding Rule of Law in Myanmar: professional training and education for existing legal practitioners လုပ်ငန်းညှိနှိုင်းအစည်းအဝေး

နေပြည်တော် နိုဝင်ဘာ ၆

ဥပဒေပြု လွှတ်တော်များနှင့် UNDP ပူးပေါင်း၍ Rebuilding Rule of Law in Myanmar: professional training and education for existing legal practitioners လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြည်ထောင်စု လွှတ်တော်နာယကဦးစီး၍ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးအသီးသီးနှင့် ဌာနဆိုင်ရာအကြီးအမှူးများနှင့် UNDP မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ဥပဒေပြု လွှတ်တော် များနှင့် UNDP ပူးပေါင်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် Rebuilding Rule of Law in Myanmar : professional training and education for existing legal practitioners နှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ တက်ရောက်လာသည့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ UNDP မှ ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ဟော်ကီအားကစားကွင်း အဆင့်မြင့်ပြင်ဆင်ထားမှု၊ သိမ်ဖြူအားကစားရုံ၌ အလေးမအားကစားနည်းအတွက် စတိတ်စင်တည်ဆောက်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်အားကစား လေ့ကျင့်ရေးစခန်းရှိ ကာယကြံ့ခိုင်မှုလေ့ကျင့်နေမှုများကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းရှိ သေနတ်ပစ် အားကစားသမားများ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) သို့ ရောက်ရှိကာ အမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းများအတွက် အင်အားဖြည့် အစားအစာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) Gold Camp (B) သို့ ရောက်ရှိကာ အလေးမ အားကစားသမားများလေ့ကျင့်နေမှုများ၊ အမျိုးသား၊ အမျိုးသမီး ဟော်ကီအသင်း ကာယကြံ့ခိုင်မှု၊ အလေးမ၊ သေနတ်ပစ် အားကစားသမားများအတွက် အားကစား လေ့ကျင့်ရေးစခန်းအသီးသီး၌ အင်အားဖြည့်အစားအစာများကို ပေးအပ်ကာ အားပေးစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ကမ်ပိုအားကစားနှင့် နပန်းအားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်ပျက်စီးလယ်များ အချိန်မီပြန်လည်စိုက်ပျိုးရန် မျိုးစပါးများပံ့ပိုးပေး

တနင်္သာရီ နိုဝင်ဘာ ၆

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများအတွင်းက ရေသုံးကြိမ်နစ်မြုပ်သဖြင့် ပျက်စီးဆုံးရှုံးသွားသော လယ်များကြောင့် ဒေသဝမ်းစာဖူလုံမှုထိခိုက်မှုမရှိစေရန်အတွက် တောင်သူများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် လယ်တစ်ဧကလျှင် မျိုးစပါးနှစ်တင်းနှုန်းနှင့် လယ် ၂၀၂၈ ဒသမ ၀၄ ဧကအတွက် မျိုးစပါးတင်းပေါင်း ၄၀၆၂ ဒသမ ၅ တင်းကို နိုဝင်ဘာ ၅ ရက်တွင် မြို့နယ်စိုက်တိုးမြင့်ကော်မတီဝင်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှတောင်သူပေါင်း ၇၂၉ ဦးကို တစ်ဦးချင်းသို့ဖြန့်ဖြူးပေးသည်။ ဖြန့်ဖြူးပေးသော မျိုးစပါးများမှာ ဒေသတွင်းသင့်လျော်ပြီး အထွက်ကောင်းသက်တမ်းတိုသော သီးထပ်ရင်၊ ကျွန်းရွှေဝါ၊ မော်ဘီဆန်းနှင့် အခြားဒေသမျိုး (ကရင်ငယ်၊ ဝ၃၉)မျိုးများဖြစ်ပြီး စုစုပေါင်း မျိုးစပါးဖိုးငွေကျပ် ၁၉၇ သိန်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် နိုဝင်ဘာ ၆

Health Info ကျန်းမာရေးဂျာနယ်၏ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တစ်ရပ်အဖြစ် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ အမိဒွေါဒယ ဒေါ်ညဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ရှိ စာချ၊ စာသင် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၂၈၀ တို့အား နိုဝင်ဘာ ၃ ရက်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်များက သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လုပ်အား ဒါနပေးလှူခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးမစ္စတာအမ်ဂျက်မာ ဂျစ်အဘာစီ၏နေရာတွင် မစ္စတာ အစ် ဆန်အူလာ ဘတ်ဒ်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အစ် ဆန်အူလာ ဘတ်ဒ်ကို ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ပါရဂူဘွဲ့ကြို(ဓာတုဗေဒ)၊ နိုင်ငံရေးသိပ္ပံမဟာဘွဲ့နှင့် ဥပဒေပညာမဟာဘွဲ့တို့ကိုရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး ၁၉၉၁ ခုနှစ်အထိ ပညာတော်သင်သွားရောက်ခဲ့သည်။ ၎င်းသည် ၁၉၉၅ မှ ၁၉၉၇ ခုနှစ်အထိ နယူးယောက်မြို့တွင် လည်းကောင်း၊ ၂၀၀၁ မှ ၂၀၀၃ ခုနှစ်အထိ ရီယာဒ်မြို့တွင်လည်းကောင်း၊ ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ ကတ္တမန္ဒူးမြို့တွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်း ၁၉၈၉-၁၉၉၀ ပြည့်နှစ်အထိနှင့် ၁၉၉၂-၁၉၉၄ ခုနှစ်အထိ ဌာနစုမှူး၊ ၁၉၉၈ မှ ၂၀၀၀ပြည့်နှစ်အထိ ညွှန်ကြားရေးမှူးနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ရှိ နိုင်ငံခြားရေးရုံးတွင် သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲတာဝန်များထမ်းဆောင်ခဲ့သည်။

လက်ရှိတွင် မန်ချက်စတာမြို့၌ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ဆီးရီးယားဓာတုလက်နက်များ အခြားနိုင်ငံ၌ ဖျက်ဆီးဖွယ်ရှိ

ဒမတ်စကတ် နိုဝင်ဘာ ၆

ဆီးရီးယားပြင်ပတွင် ဓာတုလက်နက်များဖျက်ဆီးရေး ဆီးရီးယားအစိုးရ၏ အဆိုပြုချက်သည် လက်တွေ့အကျဆုံးသော ရွေးချယ်ပိုင်ခွင့်ဖြစ်ကြောင်း နိုင်ငံတကာ ဓာတုလက်နက်များ စောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။

ဓာတုလက်နက်များ ပိတ်ပင်တားဆီးရေးအဖွဲ့ (OPCW)၏ ညွှန်ကြားရေးမှူးချုပ် Ahmet Uzumcu က ဆီးရီးယားဓာတုလက်နက်ဖျက်ဆီးရေး၏ တိုးတက်မှုအခြေအနေများကို ၄၁ နိုင်ငံပါ စီမံခန့်ခွဲရေးကောင်စီသို့ နိုဝင်ဘာ ၅ ရက်က အသေးစိတ်တင်ပြခဲ့သည်။ သတ်မှတ်ထားသော နိုဝင်ဘာအစောပိုင်းရက်များအတွင်း ဓာတုလက်နက်ရုံနှင့် ဆက်စပ်ပစ္စည်းများ စစ်ဆေးခြင်း ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ လက်နက်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကိရိယာများနှင့် အစိတ်အပိုင်းများကို ဖျက်ဆီးလိုက်ပြီးဖြစ်ကြောင်း ဆီးရီးယားရောက် OPCW အဖွဲ့က ပြောကြားခဲ့သည်။ ဆီးရီးယားရှိ ဒုံးကျည်ထိပ်ဖူး ၁၂၃၀ ခုတွင် ၉၉ ခု ဖျက်ဆီးခဲ့ပြီး ဖျက်ဆီးမှုလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ အယ်လ်ဘေးနီးယားနှင့်ဘယ်လ်ဂျီယံ နိုင်ငံတို့သည် ဆီးရီးယားလက်နက်တန် ၁၃၀၀ တို့ကို ဖျက်ဆီးပစ်ရန် တင်ပြထားသောနိုင်ငံများစာရင်းတွင် ပါဝင်သည်။ ၎င်းနှစ်နိုင်ငံတို့သည် ပထဝီအနေအထားအရ ဆီးရီးယားနိုင်ငံနှင့် နီးကပ်စွာရှိပြီး ဓာတုလက်နက်ဖျက်ဆီးရေး လုပ်ငန်းအတွေ့အကြုံရှိ နိုင်ငံများဖြစ်ကြသည်။ နောက်ထပ်သင့်လျော်သော နိုင်ငံများဆွေးနွေးအပြီး နိုဝင်ဘာ ၁၅ ရက်၌ ဓာတုလက်နက်ဖျက်ဆီးဖယ်ရှားရေး စီမံကိန်းပြုလုပ်ရန် OPCW အဖွဲ့က စီစဉ်ထားသည်။ **(အင်န်အိတ်ချ်ကေ)**



မစ္စတာ ဘီလ်ဒေးဘလက်စီယို အနိုင်ရပြီး အောင်ပွဲခံနေစဉ်။

နယူးယောက်နှင့် ဗာဂျီးနီးယားရွေးကောက်ပွဲ ဒီမိုကရက်အမတ်များ အနိုင်ရရှိ

နယူးယောက် နိုဝင်ဘာ ၆

နယူးယောက်နှင့် ဗာဂျီးနီးယားပြည်နယ်ရွေးကောက်ပွဲတွင် ဒီမိုကရက်တို့ အနိုင်ရရှိသွားကြောင်း၊ ယင်းမှာ အမေရိကန်သမ္မတဘားရက်အိုဘားမား ၂၀၁၂ ခုနှစ်က ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပထမဆုံးကျင်းပသည့် အဓိက အရေးကြီးသော ရွေးကောက်ပွဲဖြစ်ကြောင်း နိုဝင်ဘာ ၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကနဦးရလဒ်များအရ ဘီလ်ဒေးဘလက်စီယိုသည် သုံးနှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သည့် မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်နေရာတွင် ပြောင်းလဲတာဝန်ထမ်းဆောင်ရလိမ့်မည်ဖြစ်သည်။ ယင်းမှာ ဒီမိုကရက်တို့က နယူးယောက်မြို့ကို ဆယ်စုနှစ်နှစ်ခုကြာပထမဆုံးတာဝန်ထမ်းဆောင်မှု ဖြစ်လာမည်ဖြစ်သည်။

ဗာဂျီးနီးယားပြည်နယ်တွင် တယ်ရီမက်အော်လီဖီးက အုပ်ချုပ်ရေးမှူးနေရာအတွက် ရီပတ်ဘလီကင်အမတ် ကင်ကုစင်နယ်လီကို ထပ်ပြီးအနိုင်ရလိုက်သည်။

နယူးဂျာဆီပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ရီပတ်ဘလီကင်အမတ် ခရစ်ခရစ္စတီးက ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ **(ဘီဘီစီ)**

တရုတ်ကွန်မြူနစ်ပါတီရုံးရှေ့ ပေါက်ကွဲမှုဖြစ်ပွား

တိုင်ယွမ်း နိုဝင်ဘာ ၆

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ် တရုတ်ကွန်မြူနစ်ပါတီရုံးအဆောက်အအုံရှေ့၌ နိုဝင်ဘာ ၆ ရက် နံနက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ **(အောက်ပုံ)** တစ်ဦးသေဆုံးခဲ့ပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားချိန်သည် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀ ဝန်းကျင်ကဖြစ်ပြီး အဆိုပါပြည်နယ်၏ တိုင်ယွမ်းမြို့ ရင်းဇီလမ်းမပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိခဲ့သူ ရှစ်ဦးတွင် တစ်ဦးမှာ စိုးရိမ်ဖွယ်အနေအထားရှိသည်ဟု သိရသည်။

ရင်းဇီလမ်းမပေါ် အနောက်မှ အရှေ့သို့ ကားမောင်းလာစဉ် မျက်မြင်ကြုံတွေ့ခဲ့ရသူတစ်ဦး ပြောကြားချက်အရ ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်ကြားရအပြီး မီးခိုးများလိမ့်တက်ကာ မီးတောက်များ ထွက်ပေါ်လာသည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

ပြောကြား

အဆိုပါ ရုံးအဆောက်အအုံရှေ့ ယာဉ်ကြောထိန်းအချက်ပြမီးစောင့်နေချိန် မီနီဗင်ကားတစ်စီး မီးခိုးလုံးများနှင့်အတူ ပေါက်ကွဲထွက်ကာ အပိုင်းအစများ ပြန့်ကျဲသွားသည်ကို တွေ့ရခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားထားသည်။

စုံစမ်းစစ်ဆေး

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်တွင် စတီးလုံးလေးများ တွေ့ရသဖြင့် လက်လုပ်ဗုံးများ ဖြစ်နိုင်သည်ဟု သံသယရှိထားပြီး ပေါက်ကွဲမှုဖြစ်သည့်နေရာကို လုံခြုံရေးများ စောင့်ကြပ်ထားသည်။ ရဲတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးနေဆဲဟု သိရသည်။ **(ဆင်ဟွာ)**

သိမ်းပိုက်ဒေသ၌ တရားမဝင်နေအိမ်များဆောက်လျှင် အစ္စရေးနှင့် တိုက်ရိုက်မဆွေးနွေးနိုင်ဟု ပါလက်စတိုင်းပြော

တဲလ်အဗစ် နိုဝင်ဘာ ၆

သိမ်းပိုက်အနောက်ဘက်ကမ်းဒေသ၌ တရားမဝင်နေအိမ်များတိုးချဲ့ဆောက်လုပ်နေမည်ဆိုပါက အစ္စရေးနှင့်တိုက်ရိုက်ဆွေးနွေးလိမ့်မည်မဟုတ်ကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့(ပီအေ) ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အစ္စရေးတို့ဘက်က အနောက်ဘက်ကမ်းဒေသ၌ သဘောတူညီမှုမရှိဘဲ အခြေချနေအိမ်များတိုးချဲ့သွားရန်ဆုံးဖြတ်ထားလျှင် မိမိတို့အနေဖြင့် စေ့စပ်ဆွေးနွေးမှုများပြုလုပ်နိုင်လိမ့်မည်မဟုတ်ကြောင်း အစ္စရေးနှင့် ပါလက်စတိုင်း စေ့စပ်ညှိနှိုင်းရေးမှူးများ အစည်းအဝေးကျင်းပပြီးနောက် နိုဝင်ဘာ ၅ ရက်ညပိုင်းတွင် အဆိုပါ တာဝန်ရှိသူက ပြောဆိုလိုက်သည်။အစ္စရေးနှင့်ပါလက်စတိုင်း စေ့စပ်ဆွေးနွေးပွဲများသည် ပျက်သွားပြီဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက်ညပိုင်းက အဆိုပါအစည်းအဝေးကျင်းပစဉ် ၎င်းကထုတ်ဖော်ပြောကြားလိုက်သည်။

အစ္စရေးတို့၏ တရားမဝင်နေအိမ်များ အနောက်ဘက်ကမ်းဒေသ၌ တည်ဆောက်ရန်ကြိုးစားနေခြင်းသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပျက်စီးသွားစေလိမ့်မည်ဖြစ်ကြောင်း ပါလက်စတိုင်းယာယီခေါင်းဆောင်မာမွတ်အဘတ်စ်က စောစောပိုင်းရက်တွင် ပြောကြားလိုက်သည်။ အစ္စရေးတို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရေးအစိတ်အပိုင်းအဖြစ် ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ သို့ရာတွင် သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသ၌ နေအိမ်အလုံး ၅၀၀၀ တရားမဝင်ဆောက်လုပ်သွားရန် စီစဉ်နေသည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တိုကျိုကို သူလျှိုလုပ်မှုအပေါ် ဂျပန်ဒေါသထွက် အမေရိကန်လုပ်ရပ် ဆက်ဆံရေးထိခိုက်နိုင်ဟုဆို

တိုကျို နိုဝင်ဘာ ၆

တိုကျိုကို အမေရိကန်က သူလျှိုလုပ်သည်ဆိုသော သတင်းများထွက်ပေါ်လျက်ရှိရာ အမေရိကန်အနေဖြင့် အမှန်တရားကို သက်သေမပြနိုင်လျှင် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်လိမ့်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆူနိုရီအိုနိုဒါရာက ပြောကြားလိုက်သည်။

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ(အင်န်အက်စ်အေ)သည် ဂျပန်ကိုသူလျှိုလုပ်နေကြောင်း၊ အမေရိကန်က ဂျပန်၊ ဘရာဇီးနှင့် အခြားနိုင်ငံများအပေါ် စီးပွားရေးအသာစီးရရန် ထောက်လှမ်းရေးသူလျှို အချက်အလက်များကို အသုံးချနေကြောင်း နယူးယောက်တိုင်းမ်က ဖော်ပြပြီး နှစ်ရက်အကြာ အိုနိုဒါရာက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။အမေရိကန်က ဂျပန်နိုင်ငံ၏ အဓိကအရေးကြီးသော အချက်အလက်များ၊ တရားမဝင်စုဆောင်းနေခြင်းကို အလွန်စိုးရိမ်မိကြောင်း ၎င်းက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။ ဂျပန်ရှိ အမေရိကန်သံရုံးနှင့် အမေရိကန်စစ်အခြေစိုက်စခန်းများကို အသုံးပြုပြီး ဂျပန်ကို အီလက်ထရွန်နစ်သူလျှိုလုပ်နေကြောင်း စောစောပိုင်းက အမည်မဖော်လိုသူ အမေရိကန်သတင်းရပ်ကွက်က အတည်ပြုပြောကြားသည်။ **(အပေါ်ပုံ)** **(ပရက်စ်တီဗွီ)**

အစ္စရေး၊ ဘီဂျစ်၊ ဂျော်ဒန် – (၃) နိုင်ငံခရီး
BUSINESSPLUS
BUSINESS PLUS TRAVEL & TOURS

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
Promotion

မိုးယံစစ်သည် အမျိုးသမီး(ဘွဲ့ရ)
ဗိုလ်လောင်းသင်တန်းဝင်ခွင့်
(ဝန်ထမ်းများအတွက် သီးသန့်အချိန်ပေးမည်။)
နယ်သမားများအတွက် ဘော်ဒါလက်ခံသည်။ အမှတ် ၁၂၇၊ အခန်း ၅၊ ရန်နိုင်လမ်းသွယ် ၅၊ စာတိုက်မှတ်တိုင်အနီး၊ ရန်ကင်း (၄)ရပ်ကွက်။
ဖုန်း-၀၁-၅၇၂၉၄၄၊ ၀၉-၄၉၂၃၇၁၈၄၊ ၀၉-၆၈၀၁၃၁၇။

မြေကွက်များဝယ်လိုသည်
(အိမ်တိုင်ရာရောက်ငွေချေစနစ်)
ဒဂုံအရှေ့၊ဒဂုံတောင်၊ဒဂုံဆိပ်ကမ်း
၁၃၀၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၉၊ ၁၂၄၊ ၁၂၆၊ ၁၂၀၊ ၁၂၂၊ ၁၂၁၊ ၁၁၈၊ ၁၁၉၊ ၁၄၅၊ ၁၄၆၊ ၁၄၉၊ ၁၅၁
ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၇၉၇၄၇

● ကျော့ဖုံးမှ

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ရေကြီးနစ်မြုပ်မှုဘေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရန်လိုအပ်သည့် အစီအမံများ၊ ကြိုတင်ကာကွယ်ဆောင်ရွက်မှုများပြုလုပ်သင့်သည့်ကိစ္စရပ်များအပေါ် အကျယ်တဝင့်ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ ပြန်လည်ရုပ်သိမ်း

တောင်ငူ နိုဝင်ဘာ ၆

တောင်ငူမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအချို့ ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ကယ်ဆယ်ရေးစခန်း (၃၃) ခုကို အောက်တိုဘာ ၂၉ ရက်မှ စတင်ဖွင့်လှစ်ထားရှိခဲ့ရာ နိုဝင်ဘာ ၅ ရက်နံနက် ၇ နာရီက ကယ်ဆယ်ရေးစခန်းများအားလုံး ရုပ်သိမ်းပြီး**(အောက်ပုံ)** ရေဘေးသင့်သူများ နေရပ်ဌာနေများသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

တောင်ငူမြို့ (၈) ရပ်ကွက် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသော ရေဘေးသင့်သူများအား နေရပ်များသို့ စီစဉ်တကျ ဆောင်ရွက်ပေးနေသည့် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်လတ်က "သူတို့တွေ ကိုယ့်အိမ်ကို ပြန်ရောက်ရင် အဆင်သင့်ချက်ပြုတ်စားလို့ရအောင် အလှူရှင်များက လှူဒါန်းထားတဲ့ ဆန်၊ ဆီ၊ ငါးခြောက်၊ ပဲ၊ အာလူး၊ ကြွေကာအုပ်၊ ရေသန့်၊ ခေါက်ဆွဲခြောက်ထုပ်တွေကို ခွဲဝေပေးခဲ့တယ်။ ဝမ်းရောဂါမဖြစ်အောင် နေအိမ်တွေမှာရှိတဲ့ တုံကင်တွေကို ဆေးကြောသန့်စင်ပေးထားတယ်။ ရေကန်တွေကိုလည်း ရေများလဲလှယ်ပြီး ပိုးသတ်ဆေးဖျန်းတာတို့ ပြုလုပ်ပေးထားတယ်။ အဆင်ပြေပြေနဲ့ ပြန်သွားလို့ရအောင် စီစဉ်ပေးထားတယ်" ဟု ရှင်းပြသည်။ တောင်ငူခရိုင်အတွင်း စာသင်ကျောင်း ၁၁၉ ကျောင်း ပိတ်ထားရာမှ ၂၂ ကျောင်းသာ ဖွင့်လှစ်ရန် ကျန်ရှိကြောင်း နိုဝင်ဘာ ၆ ရက်နေ့ စာရင်းအရ သိရသည်။

သူရ(တောင်ငူ)

အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ

အဌမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ပစ်ခတ်ခြင်းနှင့် သတ္တမနေ့ပွဲစဉ်များ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ အဌမနေ့ပွဲစဉ်များနှင့် အာဆီယံချစ်ကြည်ရေး သေနတ်ပစ်ပြိုင်ပွဲ (ASEAN Match)ပွဲစဉ်များကို ယနေ့တွင် ပြင်ဦးလွင်မြို့ တပ်မတော် စက်ပစ်ကွင်း၌ ကျင်းပရာ ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲ ပွဲစဉ်(၆) အသင်းလိုက်ပြိုင်ပွဲများကို မီတာ ၆၀၀ စက်ပစ်ကွင်း၌လည်းကောင်း၊ အာဆီယံ ချစ်ကြည်ရေးသေနတ် ပစ်ပြိုင်ပွဲများမှ ပစ္စတို(အမျိုးသား)၊ ပစ္စတို(အမျိုးသမီး)၊ ကာဘိုင်၊ ရိုင်ဖယ်နှင့် စက်သေနတ်ပြိုင်ပွဲများကို မီတာ ၁၀၀၊ မီတာ ၂၀၀နှင့် မီတာ ၆၀၀ စက်ပစ်ကွင်းများ၌လည်းကောင်း ယှဉ်ပြိုင်ပစ်ခတ်ကြသည်။

ထို့နောက် သတ္တမနေ့ယှဉ်ပြိုင်ခဲ့ကြသည့် ပွဲစဉ်များအတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို တပ်မတော်စက်ပစ်ကွင်း၌ကျင်းပရာ ပစ္စတို(အမျိုးသား) ပွဲစဉ်(၅) အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသော ထိုင်းနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော စင်ကာပူနိုင်ငံသေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော မလေးရှားနိုင်ငံ သေနတ်ပစ်အသင်းတို့အား (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ မှတ်တမ်းနှင့် စာရင်းအင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်ဝင်းက လည်းကောင်း၊ ပစ္စတို အမျိုးသမီး ပွဲစဉ်(၄)အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသော ထိုင်းနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဗီယက်နမ်နိုင်ငံသေနတ်ပစ် အသင်းနှင့် တတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်းတို့အား (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်ရေးနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးသန်းဦးက လည်းကောင်း၊ စက်သေနတ်ပစ်ပြိုင်ပွဲ ပွဲစဉ်(၃) အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံအသင်း၊ ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံအသင်းနှင့် တတိယဆုရရှိသော ထိုင်းနိုင်ငံအသင်းတို့အား ရိုင်ဖယ်နှင့် စက်သေနတ် စက်ပစ်ကွင်း ကွင်းမှူး ဗိုလ်မှူးကျော်သူဝင်းတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ အာဆီယံချစ်ကြည်ရေး သေနတ်ပစ်ပြိုင်ပွဲ(ASEAN Match) ပွဲစဉ်များမှ ဆုပေးပွဲအခမ်းအနားများကို သက်ဆိုင်ရာစက်ပစ်ကွင်းများ၌ ကျင်းပရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဒဂုံအရှေ့စက်မှုဇုန် ပရိဘောဂဂိုဒေါင်မီးလောင်

ရန်ကုန် နိုဝင်ဘာ ၆

ယနေ့ နံနက် ၆ နာရီခွဲက ဒဂုံအရှေ့မြို့နယ် (စက်မှုဇုန်) ၁၁၃ ရပ်ကွက် ပန်းတည်းဝန် ဦးရွှေဘင်လမ်းနှင့် တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းထောင့် အမှတ် ၁၃၅ ရှိ ပိုင်ရှင်ဦးခင်မောင်ဝင်း၏ ပွင့်ဦး ပရိဘောဂဂိုဒေါင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဂိုဒေါင်အကျယ်ပေ (၁၀၀×၆၀) အတွင်းရှိ ဝိုင်ယာကြိုးများ ရှော့စ်ဖြစ်ရာမှ မီးပွားများထွက်ပြီး ရေမြှုပ်မွေ့ရာပေါ်သို့ကျ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ် ရေယာဉ် ၅၇ စီး၊ ကွပ်ကဲမှုယာဉ် ငါးစီး၊ မီးသတ်စက်ယာဉ်သုံးစီး၊ အထောက်အကူပြုယာဉ် ရှစ်စီးတို့က စုပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၁၄ မိနစ်တွင် လောင်နေသောမီးကို ထိန်းနိုင်ခဲ့သည်။ နံနက် ၉ နာရီ ၁၅ မိနစ်တွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ သန္ဓေအင်အား ၃၃၅ ဦး၊ အရန်အင်အား ၁၄၀ တို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ဒဂုံအရှေ့မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်သန့်ဇင်အောင် ဒဏ်ရာရရှိခဲ့ပြီး သယ်န်းကျွန်းဆေးရုံကြီးတွင် တင်ပို့ကုသထားရသည်။

မီးလောင်မှုကြောင့် စက်ရုံမန်နေဂျာ ဦးခင်ဇော်(၄၂နှစ်)ကို သက်ဆိုင်ရာ ရဲစခန်းက အရေးယူထားသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ဂိုဒေါင်တစ်လုံးနှင့် အတွင်းပစ္စည်း စုစုပေါင်းတန်ဖိုးငွေ ကျပ်သိန်းတစ်ထောင်ခန့်ဆုံးရှုံးသွားခဲ့ကြောင်း မီးသတ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များ လွယ်ကူလျင်မြန်စွာထုတ်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန လှိုင်မြို့နယ်(ဖွဲ့ကပင်ဆောင်)၌ သတ်မှတ်အထောက်အထားများဖြင့် လွယ်ကူလျင်မြန်စွာထုတ်ပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ပေးရာတွင် ပုံစံနှင့်တံဆိပ်ခေါင်းဖိုးငွေကျပ် ၆၀၀ သာ ပေးသွင်းရပြီး ၄၅ မိနစ်၊ တစ်နာရီခန့်အတွင်း အောင်လက်မှတ်များထုတ်ယူနိုင်သည့် နေ့ချင်းပြီးဝန်ဆောင်မှုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကာယကံရှင်ကိုယ်တိုင်အောင်လက်မှတ်ထုတ်ယူပါက သတ်မှတ်ပုံစံတွင် ဓာတ်ပုံနှစ်ပုံကပ်၍ ဖြည့်စွက်ထုတ်ယူပါက မည်သည့်နှောင့်နှေးကြန့်ကြာမှုမျှ မရှိရလေအောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း တွေ့ရသည်။

မိခင်၊ ဖခင်(သို့မဟုတ်)ကိုယ်စားလှယ်တစ်ဦးဦးဖြင့် ထုတ်ယူပါကလည်း ကာယကံရှင်၏ ကိုယ်စားလှယ်လွှဲစာနှင့်မှတ်ပုံတင်မိတ္တူပါရှိပါက မည်သည့်အခက်အခဲမျှမရှိ အလွယ်တကူထုတ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

အောင်လက်မှတ်ထုတ်ယူရာ ဝင်ပေါက်တွင် ပူးတွဲတင်ပြရမည့် အချက်အလက်များကို သိရှိနိုင်စေရန် ကပ်ထားပေးသည်။

ဤတွင် အောင်လက်မှတ်ထုတ်ယူသူ ကျောင်းသား ကျောင်းသူတချို့ ပြဿနာတချို့နှင့် ကြုံရတော့သည်။ ပူးတွဲတင်ပြရသည့် ဓာတ်ပုံသည် မြန်မာအဝတ်အစားနှင့်ဖြစ်ရမည်။ ကျောင်းသူအချို့၏ ဓာတ်ပုံသည် အမြင် မရိုင်းသော်လည်း သတ်မှတ်ထားသည့် အဝတ်အစားမဟုတ်ခြင်း၊ ခေတ်လူငယ်များဖြစ်၍ ဆံပင်ရောင်စုံဆိုးထားခြင်း စသည့်ကွဲလွဲမှုများနှင့် ကြုံတွေ့ရသည်။

တစ်ဘဝလုံးအသုံးပြုသွားမည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင် ကပ်မည့်ဓာတ်ပုံသည် အတတ်နိုင်ဆုံးယဉ်ကျေးသိမ်မွေ့သည့် ဝတ်စုံနှင့်ဖြစ်လျှင်တော့ အကောင်းဆုံးဖြစ်မည်။ ဆံပင်များအရောင်ဆိုးထားလျှင်လည်း မသင့်တော်ပေ။ ဤဖြစ်ရပ်နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည့် တာမွေမြို့နယ်က ကျောင်းသူတစ်ဦးက "သမီးလည်းကြိုမသိတော့ ဆံပင်ဆိုးထားတဲ့ဓာတ်ပုံဖြစ်နေတယ်။ နောက်နေ့မှ တစ်ခေါက်ထပ်လာရဦး မယ်၊ ပိုက်ဆံလည်းကုန်၊ လူလည်းပင်ပန်းတယ်"ဟု ပြောသံကိုလည်းကြားရသည်။

သို့ပါ၍ အဆိုပါ ကွဲလွဲမှုများနှင့် ကျောင်းသားကျောင်းသူများမကြုံတွေ့ကြစေရန် နေ့စဉ်ထုတ်သတင်းစာများမှသော်လည်းကောင်း၊ ရုပ်သံလိုင်းများမှသော်လည်းကောင်း၊ လိုအပ်သည့် အချက်အလက်များကို ထင်သာမြင်သာကြေညာပေးလျှင် ကောင်းမည်ဟု တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် ထုတ်ယူနေသည့် ကျောင်းသား ကျောင်းသူအချို့ထံမှ ကြားသိခဲ့ရသည်။ **နိုင်နိုင်**

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်မှုကြောင့် တောင်ငူခရိုင်အတွင်းရှိ မိုးစပါး ရေကြီးနစ်မြုပ်မှု စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

တောင်ငူ နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၌ အောက်တိုဘာ ၂၈ ရက်မှ စတင်၍ နိုဝင်ဘာ ၂ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် စစ်တောင်းမြစ်ရေလျှံမှုကြောင့် တောင်ငူခရိုင်အတွင်း မိုးစပါးစိုက်ဧကပေါင်း ၅၃၂၁၄ ဧက ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် မြင့်တက်မှုကြောင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၁၅၄၆ ဧက၊ ရေတာရှည်မြို့နယ်တွင် ၁၃၅၈၃ ဧက၊ အုတ်တွင်းမြို့နယ်တွင် ၁၄၃၇၄ ဧကနှင့် ထန်းတပင်မြို့နယ်တွင် ၁၃၇၃၈ ဧက ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ် ဖြစ်ပေါ်မှုများကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဒေါက်တာကြည်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေအောင်၊ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာမြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု၊ အုတ်တွင်းမြို့နယ် ချစ်ကြည်စုကျေးရွာနှင့် ဘန့်ဘွေးပင်ကျေးရွာအုပ်စုများတွင် မိုးစပါးရေကြီးနစ်မြုပ်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဇော်သူရ**

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား	အရေအတွက်
၁	ကတ္တရာ (၈၀/၁၀၀)	၄၀၀၀ တန်

တင်ဒါလျှောက်လွှာ နောက်ဆုံးထုတ်ပေးမည့် - ၂၁-၁၁-၂၀၁၃ ရက်
ရက်/အချိန် ၁၆:၃၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၂၂-၁၁-၂၀၁၃ ရက်၊ ၁၃ နာရီ

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးတွင် ၁၄-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇

ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဘူးသီးတောင်မြို့ ကမ်းပြိုကာကွယ်ရေး
(ခ) မင်းပြားမြို့၊ ကမ်းပြိုကာကွယ်ရေး
(ဂ) ပန်းမြောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေး
(ဃ) တောင်ကုတ်မြို့ ကမ်းပြိုကာကွယ်ရေး
(င) သံတွဲမြို့ ကမ်းပြိုကာကွယ်ရေး
(စ) မာန်အောင်မြို့ ကမ်းပြိုကာကွယ်ရေး

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့
၃။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၀-၁၁-၂၀၁၃ ရက်
၄။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၃ ရက်
၅။ **တင်ဒါတင်သွင်းရမည့် (ရက်၊ အချိန်၊ နေရာ)** - ၂၀-၁၁-၂၀၁၃ ရက်၊ ၁၆ နာရီ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၃၉၉၁ နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်တွေမြို့ ဖုန်း-၀၄၃-၂၂၂၉၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပျောက်ဆုံးခြင်း

Fujita Corporation (ကုမ္ပဏီ မှတ်ပုံတင်ကတ်)မူရင်း ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ခိုင်သူဇာညို
ဖုန်း-၀၉-၄၂၀၁၈၈၈၄၃

ပျောက်ဆုံး

ကျွန်တော် ပြည့်ဖြိုးတင် ၅/မရန(နိုင်) ၂၂၆၉၃၂၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M-၀၃၇၅၀၀ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၂၉၅၀၁**

အခြေခံသံတမန် ကျွမ်းကျင်မှု သင်တန်းသူ/သားများ၏ စုပေါင်းကထိန်သင်္ကန်းကပ်လှူပွဲ

အခြေခံသံတမန် ကျွမ်းကျင်မှု သင်တန်းသူ/သင်တန်းသားများ၏ စုပေါင်းလှူဒါန်းသော (၂၃)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို ၉-၁၁-၂၀၁၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗားဂရာတောရကျောင်းတိုက် ဦးဝိစာရလမ်းတွင် ကျင်းပမည်ဖြစ်ပါ၍ အပတ်စဉ်အားလုံးမှ သင်တန်းသူ/သားများ အတူတကွ ကုသိုလ်ယူတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ကိုအောင်လင်း ဖုန်း-၀၉-၅၀၁၈၀၉၀

အခြေခံသံတမန်ကျွမ်းကျင်မှုသင်တန်းဆင်းအသင်း
D.S.T.O

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လူ့အရင်းအမြစ်နှင့် နွားနို့စစ်စစ်

ယုဝတီခင်ဦး

နွားနို့သည် လူနို့ကလွဲလျှင် ကလေးများအတွက် အကောင်းဆုံး ဖြစ်သည်။ အချို့ကလေးများ နွားနို့ သောက်လျှင် အစာမကြေသည့်အပြင် တစ်ကိုယ်လုံး ယားယံလာတတ်ပါက ဆက်လက်၍ မသောက်သင့်ပေ။ မည်သို့ဆိုစေ ကလေးများက နို့ကိုကြိုက်သည်၊ နို့ကို သောက်နိုင်ကြသည်။

ကြီးထွားဓာတ်၊ ပရိုတင်းဓာတ်နှင့် အရိုးကြီးထွားဓာတ်၊ သန်မာဓာတ်၊ ကယ်လ်စီယမ်နှင့် ဗီတာမင်ဓာတ်တို့ နွားနို့တွင်ပါဝင်ကြ၍ နွားနို့နှင့်တည့်သူများအတွက် အလွန်အာဟာရ ပြည့်စေသည်။

သို့ရာတွင် မတည့်သူများအတွက် ဗိုက်နာ၍ ဝမ်းသွားတတ်သည်။ ဗိုက်နာရခြင်းမှာ နို့ထဲမှာပါဝင်သော'လက်တို့စ်'ခေါ်သော ဓာတ်တစ်ခုကြောင့်သာ ဖြစ်သည်။ နွားနို့နှင့်တည့်သောသူသည် ကံကောင်းပေသည်။ ငယ်ရွယ်စဉ်ကစပြီး ဆယ်ကျော်သက်တို့ အရွယ်တွင် တစ်နေ့လျှင် လက်ဖက်ရည်ပန်းကန် နှစ်ခွက်၊ သုံးခွက်နေ့စဉ် နို့ကိုသောက်သင့်ပေသည်။

အကယ်၍သင့်ကလေးက နို့မသောက်သူဖြစ်လျှင် သူ့အရိုးများ ကြီးထွားသန်မာစေမည့် ကယ်လ်စီယမ် မပါသည့်အတွက် သန်မာထွားကျိုင်းလိမ့်မည်မဟုတ်ပေ။ ကယ်လ်စီယမ်သည် နို့တစ်ခုတည်းသာလျှင် မဟုတ်၊ အခြားအခြားသော အစားအစာများထဲတွင်လည်း ပါဝင်ပေသည်။

ကလေးအသက် တစ်နှစ်မှ သုံးနှစ်အရွယ်တွင် ကယ်လ်စီယမ်ဓာတ် တစ်နေ့တွင် ၅၀၀ မီလီဂရမ်ပါဝင်အောင် အစားအစာကျွေးရမည်။ ကလေးအသက် လေးနှစ်မှရှစ်နှစ်ဆိုလျှင်ကယ်လ်စီယမ်ဓာတ်တစ်နေ့ကို ၈၀၀ မီလီဂရမ် ရရှိသင့်ပေသည်။ အသက် ကိုးနှစ်မှ ၁၈ နှစ်အတွင်း ကယ်လ်စီယမ် ၁၃၀၀ မီလီဂရမ် နေ့စဉ်ရသင့်သည်။

ကယ်လ်စီယမ်ဓာတ်သည် လိုအပ်သည်။ ပရိုတင်းဓာတ်လည်း လိုအပ်သည်။ ဗီတာမင်ဓာတ်လည်း လိုသည်။ နို့၊ ထမင်း၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံတို့ကို လုံလောက်အောင်၊ မျှတအောင်စားတတ်မှသာ ကလေးများဉာဏ်ထက်မည်။ ကာယဗလ ထွားကျိုင်းမည်။ ကာယဉာဏသန်စွမ်းမှ လူ့အရင်းအမြစ် မျိုးဆက်သစ်များပိုမိုထွန်းကားလာမည် ဖြစ်သည်။

အစားအစာ (နို့ထွက်ပစ္စည်း)	အခြင်အတွယ်	ကယ်လ်စီယမ်(မီလီဂရမ်)
နွားနို့အရည်	လက်ဖက်ရည်ပန်းကန်တစ်လုံး	၃၀၀ မီလီဂရမ်
နို့မှုန့်	ထမင်းစားဇွန်းကြီးတစ်ဇွန်း	၆၀ မီလီဂရမ်
ချိစ်ဒိန်ခဲ	၁ အောင်စ	၂၀၀ မီလီဂရမ်
ဒိန်ချဉ်	လက်ဖက်ရည်ပန်းကန်တစ်ခွက်	၃၀၀ မီလီဂရမ်
ရေခဲမုန့်	လက်ဖက်ရည်ပန်းကန်တစ်ဝက်	၁၁၀ မီလီဂရမ်
အသားဓာတ်မှရရှိသော အစားအစာ		
အသား၊ ကြက်၊ ငါး	၃အောင်စ	၁၀ မှ၂၀မီလီဂရမ်
ငါးသေတ္တာအရိုးနှင့်အသား	၃အောင်စ	၂၅၀ မီလီဂရမ်
ကြက်ဥ	တစ်လုံး	၃၀ မီလီဂရမ်
ချက်ထားသောပဲဟင်း	ခွက်တစ်ဝက်	၇၀ မီလီဂရမ်
အစေ့အဆန်များ	ထမင်းစားဇွန်းကြီး နှစ်ဇွန်း	၂၀မှ၄၀ မီလီဂရမ်
မြေပဲနှင့်လုပ်သည့်ထောပတ်	ထမင်းစားဇွန်းကြီး နှစ်ဇွန်း	၂၀ မီလီဂရမ်
ဂျုံနှင့်လုပ်သော ပြောင်းနှင့်လုပ်သောအစားအစာ	**အရေအတွက်**	**ကယ်လ်စီယမ်(မီလီဂရမ်)**
ပေါင်မုန့်	တစ်ချပ်	၂၅ မီလီဂရမ်
ဘီစကစ်	တစ်ထုပ်	၂၅ မီလီဂရမ်
ပေါက်ပေါက်ထုပ်	တစ်ထုပ်	၆၀ မီလီဂရမ်
ချက်ထားသော ဂျုံ၊ စပါး၊ အသီးအနှံမျိုး	ထမင်းစားဇွန်းကြီး နှစ်ဇွန်း	၁၅ မီလီဂရမ်
ခေါက်ဆွဲ၊ မာကာရိုနီ	ပန်းကန်တစ်ဝက်	၁၅ မီလီဂရမ်
ဟင်းသီးဟင်းရွက်နှင့် အသီးအနှံ		
ဟင်းသီးဟင်းရွက်	ပန်းကန်တစ်ဝက်	၂၀မှ၄၀ မီလီဂရမ်
အစိမ်းရောင်ပါသော ဟင်းသီးဟင်းရွက်	ပန်းကန်တစ်ဝက်	၁၀၀ မီလီဂရမ်
သစ်သီးသစ်နှံ	ပန်းကန်တစ်ဝက်	၂၀မှ၄၀ မီလီဂရမ်
ကယ်လ်စီယမ်ဓာတ်ပါသော လိမ္မော်ရည်	ပန်းကန်တစ်ဝက်	၁၆၀ မီလီဂရမ်

အရေးပေါ်လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေးလုပ်ငန်း Hot Line No.1830 အသုံးပြုခေါ်ဆိုနိုင်

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အခမဲ့ဝန်ဆောင်မှု ပေးလျက်ရှိသော ပထမဆုံးအရေးပေါ်လူနာ အသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်း Emergency Ambulance Service (EAS) ၌ ယခင်က အသုံးပြုသည့် Hot Line များအစား ပိုမိုလွယ်ကူသော Hot Line.1830 ကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ လမ်းခရီးတွင် ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပွားခြင်း၊ သဘာဝ(သို့မဟုတ်) လူတို့ပြုလုပ်သောဘေးကြောင့် လူအများထိခိုက်ဒဏ်ရာရခြင်း၊ ရောဂါဝေဒနာဖောက်ပြန်လာခြင်းတို့ကြောင့် ဆေးရုံတင်ရသည်အထိ အရေးပေါ်ဆေးကုသရန်လိုအပ်ခြင်းအစရှိသော အကြောင်းအရာများကြောင့် အရေးပေါ်အသက်ကယ်တင်ကုသရန်လိုအပ်သော လူနာများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်သယ်ယူရာတွင် ၃ ရာခိုင်နှုန်းလောက်သာ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ခြင်းခံခဲ့ရပြီး ကျန်သော ၉၇ ရာခိုင်နှုန်းမှာမူ မြင်းလှည်း၊ ဆိုက်ကား၊ တက္ကစီစသည့် ကြုံရာယာဉ်များဖြင့်သာ ဆေးရုံများသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ထို့အပြင် လူနာတင်ယာဉ်တော်တော်များများက ဆေးရုံပို့ဆောင်ရုံ သက်သက်ကိုသာ အသုံးပြုနိုင်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကမကထပြုပြီး ဧရာဝတီဖောင်ဒေးရှင်းနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ပထမဆုံးအရေးပေါ်လူနာ အသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်း (EAS) ကို ကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းကို (EAS)မှ အထွေထွေမန်နေဂျာ တာဝန်ထမ်းဆောင်နေသူ ဒေါက်တာအောင်လင်း(အလုပ်သမားဆေးရုံအုပ်ကြီး-ငြိမ်း)ကရှင်းပြခဲ့သည်။

အရေးပေါ်လူနာတစ်ဦးအား လူနာတင်ယာဉ်ဖြင့် ပို့ဆောင်လာမှုကိုတွေ့ရစဉ်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသည့် လူနာများကို စစ်တမ်းကောက်ယူပြီး မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ဦးဆောင်ဦးရွက်ပြုနေသော ဥက္ကဋ္ဌဆရာဝန်ကြီး ဦးကျော်မြင့်နိုင်က Ambulance လုပ်ငန်းတစ်ခု မြန်မာပြည်မှာ စတင်မှုဖြစ်တော့မည်ဆိုပြီး ကမ္ဘာတွင် နာမည်ကြီးပြင်သစ်နိုင်ငံက ဆာမှူး (SAMU) ဆိုသည့် လူနာတင်ယာဉ်လုပ်ငန်းသို့ သွားရောက်ပြီး အတွေ့အကြုံယူခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အရေးပေါ်လူနာအသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုသည့် လူနာတင်ယာဉ်များပေါ်တွင် စနစ်တကျသင်ကြားလေ့ကျင့်ပြီးဖြစ်သော ဆရာဝန်နှင့်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းနှင့် ယာဉ်မောင်းတို့ပါကြသည်။ ဆေးကုသမှုလိုအပ်သော ဝေဒနာရှင်များအတွက် နေ့စဉ် ၂၄ နာရီပိတ်ရက်မရှိ အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်ပေါ်တွင် အရေးပေါ်လူနာကုသရေးပစ္စည်း ၁၄ မျိုးပါဝင်သည်။ အောက်ဆီဂျင်ပေးစက်၊ ဆေးရည်ပုံမှန်အစက်ချပေးစက်၊ အသက်ရှူချောင်ရေး အားပေးသောစက်၊ အကြောဆေး ပုံမှန်သွင်းပေးစက်၊ ချွဲစုပ်စက်၊ နှလုံး၊ အဆုတ်နှင့် အရေးကြီး အင်္ဂါရပ်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတိုင်းတာစက်၊ အရေးပေါ်သုံးဆေးဝါးများ၊ သွေးတွင်းအောက်ဆီဂျင်ပျော်ဝင်မှု တိုင်းတာစက်၊ လူနာတင်ထမ်းစင်အမျိုးမျိုး၊ အရေးပေါ်နှလုံးနှိုးဆွစက်၊ အရိုးကျိုးရာတွင်သုံးသော ကျပ်စည်းပါ ထည့်သွင်းပေးထားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် နိုဝင်ဘာ ၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီးရှေ့၌ ဓာတ်တိုက်လေ့ကျင့်နေစဉ်။

နေလင်း(ညောင်လေးပင်)

စစ်တောင်းမြစ်ရေလျှံတက်လာသဖြင့် ရိတ်သိမ်းပြီး သီးနှံမျိုးစုံပျက်စီး

ဖြူး နိုဝင်ဘာ ၆

အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းမှစ၍ စစ်တောင်းမြစ်ရေလျှပ်တစ်ပြက်စံချိန်တင် မြင့်တက်မှုကြောင့် ပဲခူးတိုင်းဒေသကြီး ဖြူးအရှေ့ဘက် စစ်တောင်းမြစ်နှင့်နီးသော အုတ်ဖြတ်ကျေးရွာအုပ်စု ကမ်းနားမြိုင်တဲစုရွာနှင့် သစ်ချောက်ခင်အုပ်စု ရှားပင်ချောင်းရွာတို့တွင် ရိတ်သိမ်းပြီး မိုးစပါးနှင့် စိုက်ပျိုးပြီးဆောင်းသီးနှံစိုက်ဧက အနည်းငယ်စီ ပျက်စီးဆုံးရှုံးသွားခဲ့သည်။

ရေနစ်မြုပ်ပျက်စီးဆုံးရှုံးသော ရွာနှစ်ရွာမှ အုတ်ဖြတ်အုပ်စု ကမ်းနားမြိုင်တဲစုရွာတွင် စိုက်ပျိုးပြီး ဆောင်းသီးနှံဧက ၂၅၀ နှင့်ရိတ်သိမ်းပြီး မိုးစပါးစိုက်ဧက ၆၀ ရေနစ်မြုပ်ပျက်စီးခဲ့ပြီး သစ်ချောက်ခင်အုပ်စု ရှားပင်ချောင်းရွာမှ နေအိမ် ၆၀ တို့တွင် အိမ်ကြမ်းခင်းအထိ ရေဝင်နေပြီး ရိတ်သိမ်းပြီး မိုးစပါးစိုက်ဧက ၇၄ ဧကမှ စပါးများ ရေနစ်မြုပ်ပျက်စီးသွားကြောင်းသိရပြီး စစ်တောင်းမြစ်ရေမှာ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းမှစ၍ မြစ်ရေ တဖြည်းဖြည်းကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြူးမြင့်ဦး

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာပြီးစီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို အစီအစဉ် (၉)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ရေစကြို မဲဆန္ဒနယ်မှ ဦးတင်ငွေးအောင်၏ **လယ်ယာမြေ မှတ်ပုံတင်ခြင်းကာလ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းတွင် အဓိက တွေ့ကြုံရမည့် ပိုင်ဆိုင်မှု အငြင်းပွားခြင်းကိစ္စရပ်များကို စနစ်တကျ လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လိုက်နာကျင့်သုံးရမည့် အခြေခံအချက်များ၊ ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းနှင့်ပတ်သက်၍ ညွှန်ကြားချက် ထုတ်ပြန်ပေးထားပြီး မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးကိုလည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ခုနှစ် တစ်နှစ်တာကာလပတ်လုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာပြီးစီးရေးအတွက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူလယ်သမားများလက်ဝယ် အလျင်အမြန်ရောက်ရှိစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အသီးသီးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရာနှုန်းပြည့်အကောင်အထည်ဖော် ပြီးစီးသည့်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။
(သတင်းစဉ်)

ကာလတိုင်အောင် စဉ်ဆက်မပြတ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးတင်ငွေးအောင်က "မြေသိမ်းပြဿနာ ကျယ်ကျယ်ပြန့်ပြန့်မရှိတဲ့ ကျွန်တော်တို့ဒေသမှာ ဒီနေ့အချိန်အထိ မြေယာမှတ်ပုံတင်ကိစ္စဟာ (၁၃ ဒသမ ၄၁)ရာခိုင်နှုန်းပဲ ပြီးသေးတယ်ဆိုတော့ တော်တော်ကြီးနောက်ကျနေတာတွေ့ရပါတယ်။ ဥပဒေမှာ လယ်ယာမြေမှတ်ပုံတင်ကာလကို တစ်နှစ်ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ ၂၀၁၃ ခုနှစ် မတ်လမှာ သက်တမ်းကုန်ဆုံးတဲ့ သဘောပါ။ လုပ်ငန်းမပြီးပြတ်နိုင်တဲ့အတွက် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်ရဲ့ တင်ပြချက်အရ မှတ်ပုံတင်ကာလကို တစ်နှစ်တိုးမြှင့်ပေးခဲ့ပါတယ်။ ဒီလိုတိုးမြှင့်ပေးလိုက်တော့ ၂၀၁၄ ခုနှစ် မတ်လမှာ သက်တမ်းကုန်မှာဖြစ်ပါတယ်။ ဒါပေမယ့် မှတ်ပုံတင်ကိစ္စဟာ တော်တော်များများ မပြီးပြတ်သေးဘူးလို့ တွေ့ရ၊ ကြားသိနေရပါတယ်။ ဒါကြောင့် ဒီကိစ္စကို ထပ်မံတိုးမြှင့်ဖို့ လိုတယ်လို့မြင်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်က **စိုက်ပျိုးရေးနှင့်မိုးလေဝသကို ချိတ်ဆက်ပေးနိုင်သော စိုက်ပျိုးရေးမိုးလေဝသ ပညာရပ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ်မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကို အထောက်အကူပြုအကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းခဲ့ရာ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝန်ကြီးဌာနက ကြိုတင်ဆောင်ရွက်နေသည့်လုပ်ငန်းများဖြစ်ပါသဖြင့် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုနှင့်ပတ်သက်၍ **အဆိုရှင် ဦးအောင်ဇင်**က "စိုက်ပျိုးရေးလုပ်ငန်းမှာ တောင်သူလယ်သမား အများစုက ရာသီဥတုကို မှီခိုအားထားနေရတာပါပဲ။ အခုဆိုရင် စိုက်ပျိုးရေးကဏ္ဍကို စက်မှုစိုက်ပျိုးရေး၊ ခေတ်မီစိုက်ပျိုးရေး စသည်ဖြင့် တောင်သူလယ်သမားတွေရဲ့ ဝင်ငွေတိုးစေဖို့၊ လူမှုဘဝတိုးတက်မြင့်မားစေဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေကြပါတယ်။ ဒါပေမယ့် ရာသီဥတုကိုတော့ သိပ်အလေးအနက်

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ငွေးအောင် မေးမြန်းစဉ်။
(သတင်းစဉ်)

ထား တွက်ချက်ပုံ မရပါဘူး။

အခုဆိုရင် ကမ္ဘာ့ရာသီဥတုပြောင်းလဲတာကို အားလုံးက လက်ခံနေကြပါပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အစွန်းရောက်ရာသီဥတုနဲ့ ကြုံတွေ့နေရပါပြီ။ မိုးများလွန်းခြင်း၊ မိုးနည်းလွန်းခြင်းဟာ အစွန်းရောက်ရာသီဥတုဖြစ်ပါတယ်။ ဒီလိုရာသီဥတုဖောက်ပြန်နေတာက မြန်မာတစ်နိုင်ငံတည်း မဟုတ်ပါဘူး။ ဒေသကြီးတစ်ခုလုံး ဖြစ်နေတာပါ။

ရာသီဥတုနဲ့ပတ်သက်တဲ့စိန်ခေါ်မှုက အလွန်စိုးရိမ်နေရကြောင်းကို အခုကြုံတွေ့နေရတဲ့ ရေကြီး မိုးခေါင်ဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရုံနဲ့ ရာသီဥတုနဲ့ သိပ်မဆိုင်ကြောင်း ပညာရှင်တစ်ဦးရဲ့ဟောပြောချက်အရ သိရပါတယ်။ မိုးလေဝသပညာရပ်က ဘယ်နေရာမှ မပါဝင်ကြောင်းလည်း ပြောပြပါတယ်။

ရာသီဥတုဆိုတာ လူကဖန်တီးလို့ရတာမဟုတ်တော့ သဘာဝတရားကို ရင်ဆိုင်ဖြေရှင်းရုံသာ ရှိပါတယ်။ ဒါကြောင့် အစွန်းရောက်ရာသီဥတုကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့လိုပါတယ်။ ဘယ်လိုကြိုတင်ကာကွယ်ရမယ်။ ဘယ်လိုလုပ်သင့်တယ်။ ဘာသီးနှံတွေ စိုက်ပျိုးသင့်တယ်စသည်ဖြင့် အကြံပေးရမှာဖြစ်ပါတယ်။ ဒါကို စိုက်ပျိုးရေး မိုးလေဝသက လုပ်ရမှာဖြစ်ပါတယ်။ အတူပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲတာနဲ့ပတ်သက်ပြီး နိုင်ငံတော်အဆင့်က တာဝန်ယူဆောင်ရွက်ဖို့ အမှန်တကယ်လိုအပ်နေပါပြီ။ ဒီအတွက် အဆိုတင်သွင်းရတာဖြစ်ပါတယ်"ဟု အဆိုတင်သွင်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုကိုထောက်ခံခဲ့သည့် **အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်**ကလည်း "စိုက်ပျိုးရေးကဏ္ဍရဲ့ ကမ္ဘာနဲ့အဝန်းအရေးပါမှုမှာ အထောက်အကူဖြစ်ဖို့အတွက် မိုးလေဝသပညာရပ်က အရေးပါတဲ့ကဏ္ဍက စွမ်းဆောင်ပေးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မိုးလေဝသပညာရပ်နဲ့ ပတ်သက်ပြီး အတော်အားနည်းနေပါသေးတယ်။ လယ်ယာကဏ္ဍရဲ့အောက်မှာ မိုးလေဝသဌာနခွဲလေးရှိပါတယ်။ လိုချင်တာက အဆင့်မြင့်ပညာရပ်တွေနဲ့ ကဏ္ဍကြီးနှစ်ရပ်ပေါင်းစပ်ပြီးတော့ နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ဖို့ ဆိုလိုတာပါ။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့၊ အခြေအမြစ်ခိုင်မာဖို့၊ အချက်အလက်တိကျမှုတွေ ပိုအားကောင်းအောင်ဆောင်ရွက်နိုင်ဖို့ မျှော်လင့်ထားရမယ့်ကိစ္စဖြစ်ပါတယ်။ ဆက်လက် တိုးတက်အောင်လည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မိုးလေဝသကဏ္ဍနှစ်ရပ်ပေါင်းခြင်းက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးရမယ့် ကိစ္စတွေ ကာကွယ်ဖို့၊ လုံခြုံတဲ့ဘဝရဖို့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုဖောက်ပြန်မှုတွေကို ကာကွယ်ဖို့အတွက် အစီအမံတစ်ရပ် ချမှတ်သင့်တယ်ဆိုတဲ့ အနေအထားနဲ့ ကျွန်တော်ထောက်ခံခဲ့တာ ဖြစ်ပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း**နှင့်အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပဲခူးမြစ်ကူးတံတား (သပြု) ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၆

သက်ဆိုင်ရာ အဖွဲ့အစည်းဌာနများမှ ပဲခူးမြစ်ကူးတံတား(သပြု) ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တံတားတည်နေရာ တိုင်းတာရှာဖွေခြင်း၊ မြေစမ်းသပ်ခြင်း၊ ပုံစံထုတ်ခြင်း စသည့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဆားတလင်း- ဒါးပိန်- ကျွဲကူးဆိပ်လမ်းနှင့် ပဲခူးတိုင်းဒေသကြီး ကဝ- ရှမ်းကံ- သပြုလမ်းတို့ဆုံရာတွင် ပဲခူးမြစ်ဖြတ်သန်းတည်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး သပြုကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး ကျွဲကူးဆိပ်ကျေးရွာ ဆက် သွယ်မည့် ပဲခူးမြစ်ကူးတံတားသည် ခန့်မှန်းအရှည်ပေ ၁၀၀၀ ခန့်ရှိပြီး ယခင်တည်ဆောက်ပြီးသော ပဲခူးမြစ် ကူးတံတား (ကဝ) နှင့် မြစ်ကြောင်းအတိုင်း အကွာအဝေး ခြောက်မိုင်ခန့်သာ ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ ပဲခူးမြစ်ကူးတံတား (သပြု) ဆောက်လုပ်ရန် အစီအစဉ်မရှိသေးကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ တည်ဆောက်ပေးသွားမည်ဖြစ်သည်ကို သိရှိရပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်းထားသည့် **ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ် နတ္တလင်း-ဒမငယ်-တောင်ညိုလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင်လိုက်နာ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးထွန်းဇော် (ခ) ကိုပေါက်က နတ္တလင်း- ဒမငယ်လမ်းကို နိုင်ငံတော်က (၄၂၃ ဒသမ ၄၃) သန်းတန် ကျောက်ချောလမ်းခုနစ်မိုင်ခင်းရန် ခွင့်ပြုချပေးလိုက်သည့်အတွက် ဒေသရှိလူထုပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအားလုံး ဖွံ့ဖြိုးလာတော့မည်ဟု ယုံကြည်ခဲ့ပါကြောင်း၊ မြို့နယ်တစ်ခု၏ ဒေသဖွံ့ဖြိုးရေးအတွက် ချထားပေးသည့် ရန်ပုံငွေ(၄၂၃ ဒသမ ၄၃)သန်းသည် များပြားလှပါကြောင်း၊ မြို့အတွက်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။
(သတင်းစဉ်)

လမ်းကောင်းကောင်းမွန်မွန် ကျန်ခဲ့စေချင်ပါကြောင်း၊ ၂၀၁၃ ခုနှစ် မတ်လတွင် လမ်းပြီးစီးရန် စာချုပ်ချုပ်ဆိုထားသော်လည်း ယနေ့အထိ ပြီးစီးအောင် မဆောင်ရွက်ခဲ့ပါကြောင်း၊ ကုမ္ပဏီနှင့် သက်ဆိုင်သူများကို လွှဲပြောင်းတာဝန်ယူမည့် ဝန်ကြီးဌာနအနေဖြင့် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် နတ္တလင်း-ဒမငယ်လမ်း ခုနစ်မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း ခွင့်ပြုငွေကျပ် (၄၂၃ ဒသမ ၄၃)သန်းဖြင့် ရွှေလွင်လွင်ကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ ယင်းကုမ္ပဏီသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၁၅-၁၀-၂၀၁၃ ရက်အထိ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းသာ ပြီးစီးသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

ရွှေလွင်လွင်ကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် ငွေကျပ် (၁၁၅၇ ဒသမ ၂၇) သန်းအနက် ၁၅-၁၀-၂၀၁၃ ရက်နေ့အထိလုပ်ငန်းပြီးစီးမှုတန်ဖိုးမှာ ငွေကျပ် (၁၀၁၃ ဒသမ ၉၆၅)သန်းဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် တန်ဖိုးမှာ ငွေကျပ်(၁၄၃ ဒသမ ၃၀၅)သန်းဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုမ္ပဏီသို့အရစ်ကျထုတ်ပေးရန် ကျန်ငွေမှာ (၁၆၆ ဒသမ ၂၂၄)သန်းဖြစ်ခြင်းကြောင့် ကျန်ရှိလုပ်ငန်းများအား ထုတ်ယူရန်ကျန်ငွေဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာမခံကြေးစပေါ်ငွေကျပ် (၁၁၄ ဒသမ ၁၃)သန်းအား စာချုပ်ပါစည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆွေအောင် မေးမြန်းစဉ်။
(သတင်းစဉ်)

လည်း လိုအပ်သည်များ ကူညီဖြည့်တင်း၍ ၁၅-၁၂-၂၀၁၃ ရက် နောက်ဆုံးထားပြီးစီးအောင် ကြီးကြပ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ဆန္ဒနှင့်အညီ လမ်းလုပ်ငန်းအား ရွှေလွင်လွင်ကုမ္ပဏီမှ အလေးထားဆောင်ရွက်စေမည်ဖြစ်ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လမ်းလုပ်ငန်းပြီးမြောက်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးတို့ကို အဓိကတာဝန်ယူဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများမှ ကျေနပ်လက်ခံသည်အထိ ကုမ္ပဏီကို တာဝန်ယူဆောင်ရွက်စေပြီး လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီအား တင်ဒါအောင်မြင်စာချုပ်ချုပ်ဆိုခဲ့စဉ်က စာချုပ်ပါ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျင်းပမည်

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပေးပါရန်

၆-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ပါ ပြည်ထောင်စုလွှတ်တော်သတင်းတွင် **သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း** နှင့် **မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး**တို့၏ ပုံနှင့်ပုံစာများ အပြန်အလှန်လွဲမှားဖော်ပြခဲ့မှုကို ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံပါသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

နိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာ့နုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ အမှူးပြုသောပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ပျဉ်းမနားမြို့ အောင်တံခွန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

ဩစတြေးလျဘုရင်ခံချုပ်နှင့် ခင်ပွန်းဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့ ရောက်ရှိပြီး ကလေးဆေးရုံကြီးရှိ အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ မွေးကင်းစကလေးကုသဆောင်၊ ဆေးကုသဆောင်(၂)တို့ကို လှည့်လည်ကြည့်ရှုကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့်ဆရာဝန်ကြီးများက ရှင်းလင်းပြသကြသည်။

ဧည့်သည်တော် ဘုရင်ခံချုပ်က မိမိနှင့်အဖွဲ့ ယခုကဲ့သို့ ကလေးဆေးရုံကြီးသို့ လာရောက်ခြင်းမှာ ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော ကလေးများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးလိုသောကြောင့် လာရောက်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဧည့်သည်တော် ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ ဧည့်သည်တော် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်၏ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YANGON HERITAGE TRUST)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရန်ကုန်မြို့ပြ အမွေအနှစ်ဖြစ်သည့် ရန်ကုန်မြို့ လယ်ရှိ သမိုင်းဝင်ရှေးဟောင်း အဆောက်အအုံများအား ရေရှည်တည်တံ့အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပန်းချီပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် မစ္စတာမိုက်ကယ် ဘရိုက်စ်ကပြခန်းရှိ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ညပိုင်းတွင် ဧည့်သည်တော် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်းတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးတွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ-အမေရိကန်ပညာရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးမြင့်နှင့် အမေရိကန်ပြည်ထောင်စု Western Illionis University ၏ School of Distance Learning, International Studies and Outreach မှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Richard Carter နှင့် အဖွဲ့တို့သည် ယမန်နေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံးခန်းမ၌ တွေ့ဆုံကြပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်ရေး၊ အဝေးသင်ပညာရေး၊ Business Management သင်ကြားရေး၊ အင်္ဂလိပ်စာသင်ကြားမှုစွမ်းရည်မြှင့်တင်ရေးနှင့် ကာလတို၊ ကာလရှည် ပညာသင်စေလွှတ်ရေးဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းဆွေးနွေးခြင်းနှင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဥပဒေကြမ်း လွှတ်တော်တင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ယနေ့မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ရုံး အိုင်ဆောင် အမှတ်-၂၃ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်သန်းသန်းရီတို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဥပဒေများမှန်ကန်မှုရှိဖို့၊ အမြန်ဆုံးပြီးစီးဖို့ ကြိုးစားဆောင်ရွက်သွားကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေကြမ်းများကို လေ့လာစိစစ်ခြင်း၊ လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၆

၂၀၁၃ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ပြီး ဆေးတက္ကသိုလ်အသီးသီးသို့ ပညာသင်ယူခွင့် ရရှိကြသည့် ကျောင်းသားကျောင်းသူများအနက် ပညာဆက်လက်သင်ယူရန် အမှန်တကယ်အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအနေဖြင့် (ဦးအေးကျော်)-ဒေါ်အေးအေးမြင့် ရာဇာလင်း မိသားစုက ပညာဒါနပြုသော "ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆု"ကို လျှောက်ထားနိုင်သည်။

ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆုကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယခုပညာသင်နှစ်တွင်လည်း ဆဋ္ဌမအကြိမ်အဖြစ် ကျောင်းသားကျောင်းသူရှစ်ဦးတို့အား ပညာသင်ထောက်ပံ့ပေးမည် ဖြစ်သည်။ ပညာသင်ဆု လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များသို့ ၂၀၁၃-၂၀၁၄ ခုပညာသင်နှစ်၌ ပထမနှစ်သင်တန်း စတင်ဝင်ရောက်ခွင့် ရရှိသူများ ဖြစ်ရမည်။ ပညာသင်ဆုရွေးချယ်ခြင်းခံရသူများကို တစ်ဦးလျှင် တစ်လ ငွေကျပ် ၅၀၀၀၀ နှုန်းစီဖြင့် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရသည်အထိ လစဉ် ထောက်ပံ့ချီးမြှင့်သွားမည် ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာသင်ဆု လျှောက်ထားရခြင်းကျိုးကြောင်းပြည့်စုံစွာ ဖော်ပြသည့် ကိုယ်တိုင်ရေး မူရင်းလျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အမှတ်စာရင်းမိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်ကျောင်းမှ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်၊ မိမိနှင့် မိဘနှစ်ဦး၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်များနှင့် ဆက်သွယ်ရန် လိပ်စာ(ဖုန်း)တို့ကို ပြည့်စုံစွာဖော်ပြ၍ အမှတ်(၅၀)ကန်ရိပ်သာ(၃)လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အဆိုများနှင့် ပြည်နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက် တင်သွင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ၊ ဥပဒေ(မူကြမ်း)နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းလျာထားချက် တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ရေကြီးနစ်မြုပ်ရွာများမှ ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးမြင့်ရွှေနှင့် ဦးကံချွန်တို့နှင့်အတူ စစ်တောင်းမြစ်ရေနှင့် မဲဟောင်ချောင်းရေ မြင့်တက်ကာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်း လယ်ဝေးမြို့နယ် သစ်ကြိမ်းနှင့် ရေကာကျေးရွာအုပ်စု၊ ဟေမန်၊ ကြို့ပင်သာ၊ အောင်သုခကျေးရွာနေ ပြည်သူများအား ဟေမန်ရွာ ယာယီရှင်းလင်းဆောင်တွင် ယနေ့မွန်းလွဲပိုင်းက တွေ့ဆုံ၍ ကျေးရွာများမှ ရေနစ်မြုပ်သော လယ်ယာမြေများကို အစားထိုး အချိန်မီစိုက်ပျိုးနိုင်ရေး လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင် မဲဟောင်ချောင်းရေကြီးချိန်၌ ရေနစ်မြုပ်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် လိုအပ်သော ရေနုတ်မြောင်းများ တူးဖော်ရေး၊ ကောနေသောချောင်းများ ပြန်လည်တူးဖော်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သော ကျေးရွာချင်းဆက်လမ်းများနှင့် တံတားများကို ပြုပြင်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။(ဝဲပုံ)

လယ်ဝေးမြို့နယ်အတွင်း သစ်ကြိမ်းကျေးရွာအုပ်စုနှင့် ရေကာကျေးရွာအုပ်စုရှိ ဟေမန်၊ ကြို့ပင်ကာ၊ အောင်သုခ၊ ဘို့ကိုးလုံးကျေးရွာများမှ အိမ်ထောင်စု ၃၁၅ စု၊ ကျေးရွာသူ ကျေးရွာသား ၁၃၈၇ ဦးတို့သည် အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်နှင့် မဲဟောင်ချောင်း ရေမြင့်တက်ကာ ကျေးရွာများ ရေနစ်မြုပ်သဖြင့် နေပြည်တော်ကောင်စီ အစီအစဉ်ဖြင့် ယာယီရွှေ့ပြောင်းပေးခဲ့သည်။ အောက်တိုဘာ ၃၁ ရက်တွင် ရေပြန်လည်ကျဆင်းမှုကြောင့် မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းခဲ့ပြီး လိုအပ်သောထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် စိုက်ပျိုးရေး၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

အနည်းနှင့်အများကိုသာ ကြည့်ရမည်ဖြစ်သည်။ အောင်ဗိုလ်မ်းလို မြန်မာမြားပစ်အဖွဲ့အတွက် အားထားရသည့် အမာခံကစားသမားများ ရှိသလို စနစ်တကျပျိုးထောင်ပေးထားသည်။ လူငယ်ကစားသမားများကလည်း အားကိုးရသည့်အနေအထားတွင်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေးဆောင်ရွက်မှုများတွင် အထိရောက်ဆုံးမှာလည်း လက်ရည်စစ်ပြိုင်ပွဲကို ကျင်းပနေခြင်းဖြစ်သည်။ ကစားသမားများ၏ လစဉ်တိုးတက်မှုနှုန်းတို့ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ အောက်တိုဘာလအတွက် လက်ရည်စစ်ပြိုင်ပွဲတွင် နာမည်ကြီးကစားသမားအချို့ရလဒ် မကောင်းခဲ့သည်ကို တွေ့ရသည်။ ယင်းကဲ့သို့ လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပပေးခြင်းကြောင့် ကစားသမားများမှာ ၎င်းတို့၏ အရည်အသွေး အနေအထားကို ပြန်လည်သုံးသပ်နိုင်မည်ဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့မှာ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ဇန်နဝါရီလက နေပြည်တော်တွင် ကျင်းပခဲ့ပြီးအောင်မြင်မှုများရခဲ့သလို ဇူလိုင်လမှ ဩဂုတ်လအထိ တောင်ကိုရီးယားနိုင်ငံ ဂါဝမ်ဒိုပြည်နယ်တွင် သွားရောက် လေ့ကျင့်ခဲ့သည်။ မြားပစ်အဖွဲ့ကို ပဏာမလက်ရွေးစင်များ ရွေးချယ်ကာလေ့ကျင့်လျက်ရှိပြီး နိုဝင်ဘာလအတွက် လက်ရည်စစ်ပြိုင်ပွဲ အပြီးတွင် အပြီးသတ်လူစာရင်းကို ရွေးချယ်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ အောင်မြင်မှုရရှိရေးပြင်ဆင်ထားမှု၊ ကစားသမားများ၏ ကြိုးပမ်းလေ့ကျင့်မှုများကြောင့် ရွှေတံဆိပ်မှာလက်ခတ်မလွဲနိုင်ပါကြောင်း။

မြန်မာယူ-၂၃ အသင်း ဂျပန်ခြေစမ်းပွဲ ကာမာတာမဲလ်ဆန်နူကီကလပ်ကို ရှုံးနိမ့်

အိုဆာကာ နိုဝင်ဘာ ၆

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် လေ့ကျင့်မှုများပြုလုပ်နေသော မြန်မာယူ-၂၃အသင်းမှာ ယနေ့နေ့လယ်ပိုင်းက Japan Football League ကလပ် ကာမာတာမဲလ် ဆန်နူကီအသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၃ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ကောင်းစည်သူက သွင်းယူပေးခဲ့သည်။

မြန်မာယူ-၂၃ အသင်းမှာ နိုဝင်ဘာ ၁ ရက်ကတည်းက ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် လေ့ကျင့်နေခြင်းဖြစ်ပြီး နိုဝင်ဘာ ၄ရက်က ကစားခဲ့သော ပထမခြေစမ်းပွဲတွင် ဂျေလိဂ်-၂ ကလပ် ကျိုတိုဆန်ဂါအသင်းကို ခြောက်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းမှာ နိုဝင်ဘာ ၉ ရက်အထိလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး နိုဝင်ဘာ ၇ ရက်တွင် သီရီဇိုအိုဆာကာ ယူ-၁၈အသင်းနှင့်ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ တောင်ကိုရီးယားနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်မှ ၃၀ ရက်အထိ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲငါးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေနှစ်ပွဲရှုံးနိမ့်ခဲ့သည်။ **ဖိုးသော်ဇင်**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၆

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ နိုင်ငံခြားရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ချင်ချန်ဇီ၊ နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌ မဒမ်ဖုရင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာအိုင်ပင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလုလျူချင်မင်နှင့်လည်းကောင်း၊ ကွမ်းချိုပြည်နယ် အမျိုးသားပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ မဒမ်လဲ့ယူလန်တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြန်လည်လိုက်ပါ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးစိုင်းကျော်၊ ဦးခင်မောင်ရွှေ၊ ဦးဟန်စိန်၊ ဦးကျော်မြင့်၊ ဦးဇင်ဝမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဦးမင်းခိုင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

e-Government လုပ်ငန်းများ ဖော်ဆောင်ရေးစည်းဝေး

မန္တလေး နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီးအတွင်း e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ ပညာရှင်များ ပါဝင်သည့် Mandalay Region e-Government Implementations Support Committee အကောင်အထည်ဖော်ဆောင်မှု ပံ့ပိုးကူညီရေးကော်မတီတို့၏ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၆ လမ်းထောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှု ပံ့ပိုးကူညီရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်သူက ကော်မတီ၏ အကြံပြုတင်ပြချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင် ဦးသိန်းထွတ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးစောထူးသာက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုယ်ပိုင် Network တည်ဆောက်အသုံးပြုရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက တိုင်းဒေသကြီးအတွင်း e-Government ဖြစ်ပေါ်ရေးအတွက် ကွန်ပျူတာပညာရှင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် အမြန်ဆုံးစတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ဝန်ကြီးဌာနအချင်းချင်း သတင်းအချက်အလက်နှင့် နည်းပညာများ ချိတ်ဆက်အသုံးပြုခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် e-Government လုပ်ငန်းစဉ်များ အောင်မြင်နိုင်အောင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လုပ်ငန်းစဉ်များ ရေရှည်အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနများ၊ ပံ့ပိုးမှုကော်မတီတို့ ပူးပေါင်းဆွေးနွေးပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန် စသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (ဒုတိယနေ့)မှ ရရှိသည့် သတင်းများ

အမရပူရ

➢ အမရပူရမြို့နယ် ရေဘုတ်ကျေးရွာထိပ်ရှိ ကင်းဘတ်မြောင်းမှ လေးလုံးပွှန်ထိပ်ထိ မြောင်းပေါင်လမ်းကို ကျောက်ချောလမ်းခင်းပေးရန် ဘဏ္ဍာငွေကြေးအခြေအနေ မရှိသေးကြောင်း၊ သို့သော် ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဂျင်းကျောက်လမ်းခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာ

➢ မိတ္ထီလာမြို့နယ် ကန်ကြီးကျေးရွာအုပ်စုရှိ တိမ်ကောနေသော အုတ်ဖိုဆည် အဆင့်မြှင့်ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

➢ မိတ္ထီလာမြို့ မြင်းကန်အုပ်စု ဆည်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အများဆန္ဒပြုထားသော မီးလင်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းလိုသူစာရင်းပြုစုခြင်း၊ ကုန်ကျခန့်မှန်းခြေစာရင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ အကူအညီဖြင့် တွက်ချက်ခြင်း၊ ဖြစ်နိုင်ခြေရှိ/မရှိ သုံးသပ်ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်ကြောင်း မဟာဓာတ်အားလိုင်းမှ (၃၃/၀ ဒသမ ၄) ကေဗွီ ထရန်စဖော်မာတပ်ဆင်ရန် ဆုံးဖြတ်ပါက ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရမည့် စည်းကမ်း ၂၄ ချက်နှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရသည်။

ဝမ်းတွင်း

➢ ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာအုပ်စု သဖန်းကျေးရွာတောင်ဘက်ရှိ သဖန်းအင်းကန်ပြုပြင်ရန်အတွက် ကျိုးပေါက်သွားသော ကန်ပေါင် ပြန်လည်ပိတ်ဆို့မြေဖို့ခြင်း၊ ကန်ပေါင်ခိုင်မာတောင့်တင်းစေရန် ပုံစံကျမြေဖို့ခြင်းများ ဆောင်ရွက်ရမည့်အပြင် ပေ ၄၀ အကျယ်ရှိ မြေသားရေပိုလွှဲကို ပြုပြင်ပေးရန်လိုအပ်ပြီး ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သာစည်

➢ သာစည်မြို့နယ် ဝမ်းသာကျေးရွာရှိ အနောက်ပါးကန် ပြုပြင်ပေးရန် ကုန်ကျမည့်ငွေကို ကွင်းဆင်းတိုင်းတာတွက်ချက်၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါန်းဇွန်

➢ ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးကျေးရွာအုပ်စု မရိုးကုန်းကျေးရွာအုပ်စု၊ မိုးတောင်ကျေးရွာအုပ်စုတို့တွင် တည်ရှိသည့် နှစ်ကာလရှည်ကြာစွာ မပြောင်းလဲဘဲ လုပ်ကိုင်ခဲ့ကြသော သက်တမ်းရင့် မြေနုကျွန်းမြေများအား ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေရင့်အဖြစ် သတ်မှတ်ပေးနိုင်ပြီး ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွဲဝေပေးနိုင်ကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

မန္တလေးကျုံးဘေးပတ်လည် ဆီးဂိမ်းလိုဂိုများဖြင့်ကြော်ငြာ

မန္တလေး နိုဝင်ဘာ ၆

ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပြည်သူများ စိတ်ပါဝင်စားလာစေရန်နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ ရုံများ၊ အားကစားရွာနှင့် မြို့တွင်းလမ်းများ၊ အဝိုင်းများတွင် လှပနေစေရေးအတွက် ပြိုင်ပွဲအထိမ်းအမှတ် လိုဂိုနှင့် mascot အရုပ်များပါဝင်သည့် ကုန်ပစ္စည်းကြော်ငြာဘုတ်များ၊ ပိုစတာများ၊ A ဘုတ်များ၊ Banner များ စသည်တို့ကို အားကစားဝန်ကြီးဌာန ခွင့်ပြုချက်နှင့် ဖိတ်ခေါ်ခဲ့ရာ နိုဝင်ဘာ ၄ ရက် က မန္တလေးမြို့ ကျုံးဘေးပတ်လည်တစ်လျှောက် ဆီးဂိမ်းအကြိုကြော်ငြာများ ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။ **(အပေါ်ယာပုံ)**

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အခြေခံပညာမူလတန်းအဆင့် စွမ်းရည်ပြိုင်ပွဲကျင်းပမည်

မန္တလေး နိုဝင်ဘာ ၆

အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဗဟုသုတအသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပထမဦးဆုံးအကြိမ် မူလတန်းအဆင့် သတင်းစာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ တတိယပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသော မူလတန်းကျောင်းများအနေဖြင့် နိုဝင်ဘာ ၅ ရက်မှစတင်၍ မေးခွန်းနမူနာ ပုံစံများကို လာရောက်ထုတ်ယူနိုင်ကြောင်း ဇာတိမာန် လူငယ်စာဖတ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မန္တလေးအောင်မြေသာစံမြို့နယ် သီရိမင်္ဂလာအနောက်အကွက်(၂၁၂)ရွှေလောင်းညွှန့်ရပ်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်း ဖုန်း-၀၉-၄၄၄၀၃၅၈၂၅ သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မင်္ဂလာဆုမွန်လွှာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အရှေ့မြို့နယ်၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ကညင်နီကုံးအရှေ့ကွင်း၊ ကွင်းအမှတ်(၄၂-ခ)ရှိ ဥယျာဉ်ခြံမြေအကျယ်အဝန်းဧက(၂၀)နှင့် ၎င်းဥယျာဉ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ အမည်ပေါက်ဖြစ်သူ ဒေါ်ခင်မာပြုံးထံမှ ဆက်စပ်စာချုပ်အရ လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်ယဉ်သူဇာစိုး ၁၂/ရပသ(နိုင်)၀၃၅၆၆၄ထံမှ ကျွန်တော် ဦးကျော်လှိုင် ၁၂/မရက(နိုင်)၁၂၅၇၂၉နှင့်ကျွန်မ ဒေါ်အေးအေးသိန်း ၁၂/မရက(နိုင်)၀၇၁၈၅၃တို့က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူကြသဖြင့် ရောင်းဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက ဥယျာဉ်ခြံမြေ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်လှိုင် ၁၂/မရက(နိုင်)၁၂၅၇၂၉
ဒေါ်အေးအေးသိန်း ၁၂/မရက(နိုင်)၀၇၁၈၅၃
ဖုန်း-၀၉-၄၅၀၀၅၆၃၀၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖန်ချက်စက်လမ်းနှင့် ဆန်စက်လမ်းကြား၊ လှိုင်မြစ်လမ်းနှင့် ဘုရင့်နောင်လမ်းအနီး၊ မုဒိတာ Condo အိမ်ရာမှ တိုက်အမှတ် 2A-351 အကျယ်အဝန်း စတုရန်းပေ ၆၅၀ မှ ၈၉၀ ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုရောင်းချသူ ဒေါ်နန်းမြဝင်း ၁၂/ရတန(နိုင်)၀၂၀၆၇၇ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ(စရန်ငွေ)အချို့အား ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ် ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား(မူရင်း)နှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာစိုး LL.B (စဉ်-၈၅၃၇)
တရားလွှတ်တော်ရှေ့နေ
တိုက် ၅၅၊ အခန်း ၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ရေးဆွဲရေး အထောက်အကူပြုသင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၆

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ရေးဆွဲရေး အထောက်အကူပြုသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသတွေမှာ မြင့်မားနေတဲ့ ဆင်းရဲမှုနှုန်းလျှော့ချဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဟာ အဓိကအရင်းခံကျတဲ့ လုပ်ငန်းများဖြစ်ကြောင်း၊ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်တာကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုတည်း စွမ်းဆောင်နိုင်ရုံနဲ့ လုံလောက်မှုမရှိဘဲ ဆက်နွှယ်နေတဲ့ဝန်ကြီးဌာနများနဲ့ ဒေသန္တရအစိုးရများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ကာယကံရှင် ကျေးလက်ပြည်သူများပါ ပူးပေါင်းပါဝင်အကောင်အထည်ဖော်မှ ဆင်းရဲမှုနှုန်းကျဆင်းရေးလုပ်ငန်း အောင်မြင်မှုရရှိမှာဖြစ်ကြောင်း၊ ဒီသင်တန်းမှာ ပို့ချဆွေးနွေးမှုတွေအရ လပေါင်း ၃၀ အတွင်း မျှော်မှန်းထားတဲ့ ရလဒ်ထွက်နိုင်မယ့် စီမံချက်မြို့နယ်ရွေးချယ်မှု၊ စီမံချက်လုပ်ငန်းနယ်ပယ် သတ်မှတ်နိုင်မှု၊ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ ဖြည့်ဆည်းပေးရမယ့် အခြေခံအဆောက်အအုံအမာထည်၊ အပျော့ထည်များ သတ်မှတ်ဖြည့်ဆည်းပေးဖို့ လျာထားနိုင်မှု၊ စီမံချက်လုပ်ငန်းများမှ တန်ဖိုးမြင့် ထုတ်ကုန်အဆင့်ဆင့် ထုတ်လုပ်နိုင်သည့် ဖွံ့ဖြိုးရေးကွင်းဆက်ကို ဖန်တီးပေးနိုင်မှုနဲ့အတူ စီမံချက်ကြောင့်ရရှိတဲ့ ဖွံ့ဖြိုးရေးရလဒ်ကို ရေရှည်တည်မြဲသည်အထိ ထိန်းထားနိုင်မယ့် အစီအမံများအထိ မျှော်မှန်းပြီး "ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်" ကို ရေးဆွဲနိုင်တော့မယ်လို့ ယုံကြည်မျှော်လင့်နိုင်ပြီဟု ပြောကြားသည်။ ယင်းနောက် မြန်မာ့ဖွံ့ဖြိုးမှု အရင်းအမြစ်အဖွဲ့ (MDRI) မှ ပညာရှင် ဒေါက်တာတင်မောင်သန်းက သင်တန်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာဝါဒီပရဟိတဂေဟာသို့ ငွေလှူ

ရန်ကုန် နိုဝင်ဘာ ၆

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး စီပီကုမ္ပဏီ၊ Plantoy ကုမ္ပဏီတို့မှ လှိုင်မြို့နယ်အမှတ်(၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီပရဟိတဂေဟာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်းအား ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E.Mr. BANDHIT SOTIPAIAILT နှင့် ထိုင်းသံအမတ်ကြီး H.E. Mr. PISANU တို့က တန်ဖိုးငွေကျပ်သိန်းလေးရာကျော် လှူဒါန်းသည်။ ဆက်လက်၍ မေတ္တာဝါဒီဟာသ်ာတ(ပရဟိတ)ကျောင်းတိုက်တွင် ကျင်းပသော ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မဟာကထိန်အလှူတော်အခမ်းအနားတွင် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌမှ ကထိန်သင်္ကန်းလှူဒါန်းပြီး ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မဟာကထိန်အလှူတော်အခမ်းအနား အထိမ်းအမှတ်အဖြစ် မေတ္တာဝါဒီဟာသ်ာတ(ပရဟိတ)ကျောင်းတိုက်မှ ကလေးသူငယ်များအတွက် ကလေးကစားကွင်းများကို ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် သံအမတ်ကြီး(ငြိမ်း) ဦးညွန့်ဆွေနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မီးမီး(လှိုင်)

ရမည်းသင်းမြို့မဈေးအတွင်း စားသုံးဆီဖြန့်ဖြူးရေးဆိုင်ကြီးများကို ကွင်းဆင်းစစ်ဆေး

ရမည်းသင်း နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်း နိုဝင်ဘာ ၃ ရက်က စားသုံးဆီဖြန့်ဖြူးရေးဆိုင်ကြီးခြောက်ဆိုင်ကို အစားအသောက်နှင့် ဆေးဝါးကွျမ်းကျင်ကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့များမှ စားအုန်းဆီထဲတွင် ဆီမခဲဆေး၊ ပဲဆီအနံ့များထည့်၍ ရောင်းချမှု ရှိ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဦး-----ဆိုင်မှ အရည်သွေးနိမ့် အနံ့ရောစားအုန်းဆီငါးပိသာနှင့် ဒေါ်-----ဆိုင်မှ စားအုန်းဆီ၊ နှမ်းဆီအနံ့ရော အရည်အသွေးနိမ့်ဆီ ခုနစ်ပိဿာတို့ကို ကျန်းမာရေးအတွက် စားသုံးရန် မသင့်ကြောင်း တွေ့ရှိရသဖြင့် စားသုံးသူပြည်သူရှေ့တွင် ပွင့်လင်းမြင်သာစွာ ၄င်းဆီများကို လှယ်သွန်စွန့်ပစ်ဖျက်ဆီးကြောင်း သိရသည်။ **(ဝဲပုံ)**

သတိပေး

၄င်းဆိုင်ပိုင်ရှင် နှစ်ဦးအား စစ်ဆေးရေး အဖွဲ့ကနောက်နောင်တွင် ဤကဲ့သို့မပြုလုပ်ရန် နောက်ဆုံးအကြိမ် သတိပေးဝန်ခံချက်ပြုလုပ်စေကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ရွှေကောက်ပွဲဆိုင်ရာ အခြေခံသဘောတရားဆွေးနွေး

တပ်ကုန်း နိုဝင်ဘာ ၆

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းကြားဖြတ်အစည်းအဝေးကို နိုဝင်ဘာ ၄ ရက်ကကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးတင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိန်တို့က ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွှေကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ပြည်ထောင်စု ရွှေကောက်ပွဲကော်မရှင်နှင့် EUEST (ဥရောပသမဂ္ဂ ရွှေကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့)တို့က ကြီးမှူးကျင်းပသော ရွှေကောက်ပွဲဆိုင်ရာ အခြေခံသဘောတရား အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့မှုကို မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(၄၁၇)

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

SWEETY HOME

Lifestyle PHOTO CONTEST

"ဘဝနေထိုင်မှု ဓာတ်ပုံပြိုင်ပွဲ"
ဆုရရှိသူများ

အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ဆုအမည်	ဆုချီးမြှင့်ငွေ
ကိုသက်ဆွေဦး	၉/ညဥန(နိုင်)၁၁၃၅၃၇	ညောင်ဦးမြို့	အထူးဆု	(၁၀) သိန်း
ကိုမင်းမင်းထွန်း	၅/စကန(နိုင်)၁၆၄၀၅၄	မန္တလေးမြို့	ပထမဆု	(၅) သိန်း
ကိုထွန်းအောင် (မြန်မာစာ)	၁၂/တာမန(နိုင်)၀၀၀၈၄၆	ရန်ကုန်မြို့	ဒုတိယဆု	(၄) သိန်း
ကိုအောင်ကျော်ထွန်း (ပုသိမ်ကြီး)	၉/ပသက(နိုင်)၀၀၄၀၂၄	ပုသိမ်ကြီးမြို့	တတိယဆု	(၃) သိန်း
မယမင်းခင်လှိုင်	၇/ပခန(နိုင်)၀၀၀၁၃၂	ရန်ကုန်မြို့	နှစ်သိမ့်ဆု	(၂) သိန်း
မင်းဇာနည်ဇော် (အမရပူရ)	၉/အမရ(နိုင်)၀၀၁၃၁၇	ရန်ကုန်မြို့	နှစ်သိမ့်ဆု	(၂) သိန်း

ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို (၈.၁၁.၂၀၁၃) သောကြာနေ့တွင် PARK ROYAL HOTEL(Yadanar Ballroom) ၌ နေ့လည်(၁၂:၀၀)နာရီ မှ (၂:၀၀)နာရီထိ ဧည့်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပြည်တွင်းသတင်း

ပဲဈေးကျသော်လည်း နှမ်းဈေးတက်၍ တောင်သူများအဆင်ပြေ

မကွေး နိုဝင်ဘာ ၆

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားသော အညာဒေသ မကွေးတိုင်းဒေသကြီးရှိ မြေပဲ၊ နှမ်းစိုက်တောင်သူများအနေဖြင့် ယခုနှစ်အတွင်း သီးနှံများပေါ်ချိန်၌ မြေပဲဈေးမှာ ယခင်နှစ်ဈေးနှုန်းများထက် ကျဆင်းသွားသော်လည်း နှမ်းဈေးတက်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အတွင်းရှိ မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက "ဒီနှစ်စိုက်ပျိုးချိန်မှာ မိုးနောက်ကျလို့ သီးနှံတွေပျက်တာလေးကြိမ်ရှိတယ်၊ မြေပဲစိုက်တဲ့သူတွေဆို ပဲပေါ်ချိန် ပဲဈေးတွေကျသွားတော့ တော်တော်စိတ်ပျက်သွားကြတယ်၊ ဒါပေမယ့် နှမ်းဈေးလေးတက်တော့ ခံသာသေးတာပေါ့ဗျာ"ဟု ပြောကြားသည်။

ယခင်နှစ်က မြေပဲဈေး တစ်တင်းလျှင် အမြင့်ဆုံး ငွေကျပ် ၈၀၀၀ အထိ ရရှိခဲ့ပြီး ယခုနှစ်တွင် မြေပဲတစ်တင်းလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း သာရရှိခဲ့သည်။ သို့သော် အဝယ်ကျမသွားပဲ ပုံမှန်သာရှိခဲ့သည်ဟု နိုင်ပဲခွဲစက် မြေပဲအဝယ်ကိုယ်စားလှယ် ဦးတင်သိန်း၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် တောင်သူများ သီးနှံပေါ်ခါနီးအချိန်များဖြစ်၍ မိုးကြောင့် သီးနှံများပျက်စီးမည်ကို စိုးရိမ်ခဲ့သည်။ သီးနှံပေါ်ချိန်တွင်လည်း မြေပဲဈေးမှာ အကျဘက်တွင်ရှိနေ၍ စိုးရိမ်မှုများရှိခဲ့သော်လည်း နှမ်းဈေးမှာ ယခင်နှစ်များထက် အတက်ဘက်တွင် ရှိနေခဲ့သည်။ ယခင်နှစ်က နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ထိ သာရှိခဲ့သည်။ ယခင်နှစ်က စမုံနက် တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ သာ ရှိခဲ့သော်လည်း ယခုနှစ်တွင် ငွေကျပ် ၅၅၀၀၀ အထိ ရောင်းချရကြောင်း မကွေးကုန်စည်ဒိုင်ဈေးကွက် ပေါက်ဈေးများအရ သိရသည်။

(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၅၀၀၀-၆၄၄၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၅၅၀၀-၆၄၄၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၈-၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃၈-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၁၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၂၉၀၀-၄၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀-၅၉၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၃၀၀-၁၃၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၇၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၇၅-၁၀၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၁၀-၅၆၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဇွဲကပင် ကေဘယ်လ်ကားစီမံကိန်း အနုပညာရှင်များ ဝိုင်းဝန်းကူညီမည်

ရန်ကုန် နိုဝင်ဘာ ၆

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်တောင် Cable Car စီမံကိန်း ဖြစ်မြောက်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက အနုပညာအားဖြင့် ရန်ပုံငွေရှာဖွေကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ပုံငွေရှာဖွေရေး ဖျော်ဖြေပွဲကို ဘားအံမြို့ သီရိကွင်း၌ နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ဖျော်ဖြေပွဲတွင် Iron Cross အဖွဲ့၊ မဟာရန်ကုန် စံပြသဘင်ဇာတ်အဖွဲ့၊ သီရိမောင်မောင် ဆိုင်းဝိုင်း၊ ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)၏ "နတ်ဖွာတယ်" ပြဇာတ်များဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များနှင့် ရွှေညီအစ်ကို၊ ဒီစတား၊ ဖိုက်စတားအဖွဲ့များမှ လူရွှင်တော်များက အားဖြည့်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ ပထမဆုံး ကေဘယ်လ်ကား စီမံကိန်းဖြစ်မြောက်ရေးအတွက် ရန်ပုံငွေပွဲကြီးကျင်းပဖို့ လွန်ခဲ့တဲ့သုံးလကတည်းက စီစဉ်ခဲ့တာပါ။ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များကလည်း ဒီပွဲဖြစ်မြောက်ဖို့ အများကြီးကူညီပေးကြမှာပါ။ အလှူရှင်တွေကလည်း အလှူငွေတွေ လာရောက်လှူဒါန်းကြပါတယ်။ ဒီလှူဒါန်းမှုတွေအတွက် ဆရာတော်ကြီးများက ကျေးဇူးတင်ကြပါတယ်"ဟု စီမံကိန်းဖြစ်မြောက်ရေးကော်မတီ အနုပညာကိစ္စဖြစ်မြောက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူးက ပြောကြားသည်။

ရီရီသန့်

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

ပုလဲသွယ်စပ်မျိုးစပါး အထွက်နှုန်းကောင်း

မော်လူး နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသအတွင်း ၂၀၁၃ ခုနှစ် မိုးရာသီကာလအတွက် စပါးမျိုးကောင်းဖြစ်သော ချင်း(၃)၊ ဆင်းဧကရီ(၃)၊ မနော်အုပ်စု၊ ငွေတိုး၊ စောရှုတ်၊ မှော်ဘီ၊ လုံးသွယ်မွှေးစသည့် စပါးများထဲမှ ရေခံမြေခံနှင့်ကိုက်ညီသော ချင်း(၃)စပါးကို အလေးထား၍ စိုက်ပျိုးကြသည်။ ယခုနှစ် နိုင်ငံတော်၏စီမံကိန်းအရ အထွက်ကောင်းမျိုးစပါးဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါးကို အင်းတော်မြို့နယ်တွင် ဧက ၁၀၀ စမ်းသပ်စိုက်ပျိုးခဲ့ရာ မော်လူးဒေသမှ တောင်သူအချို့ မိမိတို့လယ်တွင် တစ်ဧကနှစ်ဧက စသဖြင့် စမ်းသပ်စိုက်ပျိုးခဲ့ကြရာ သုံးလစပါးဖြစ်၍ အခြားစပါးများထက် ဦးစွာစော၍ ရိတ်သိမ်းကြရပြီး ခြွေလှေ့စက်ဖြင့် တစ်ဧကအထွက်နှုန်းကို စစ်ဆေးကြည့်ရာ တစ်ဧကတင်း ၁၂၀ ထွက်ပြီး ရောင်းဈေးမှာလည်း တစ်တင်း ငွေကျပ် ၅၀၀၀ နှုန်းရရှိသဖြင့် ကောက်ဦးပေါ် ဈေးကောင်းရတွက်ခြေကိုက်သဖြင့် ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးသူ လယ်သမားများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

ပုဂ္ဂလိကအထည်အလိပ်လုပ်ငန်းရှင်များအားဖိတ်ကြားခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၏ထုတ်ကုန်ပစ္စည်းများဖြစ်သော ဆေးဆိုး၊ ပန်းရိုက်ပိတ်အမျိုးမျိုးနှင့် ချုပ်ထည်အမျိုးမျိုးတို့အား အရောင်းကိုယ်စားလှယ်များဖြင့် ကျယ်ပြန့်စွာရောင်းချရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ အထည်အလိပ်လုပ်ငန်းရှင်များအား ဝယ်ယူရောင်းချမည့် အဆိုပြုချက်များနှင့်တကွ အောက်ပါနေရာနှင့် ရက်စွဲ၊ အချိန်တို့တွင် လာရောက်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်-

နေရာ - အထည်ချုပ်စက်ရုံ အမှတ် ၂၇၊ ရန်ကင်း၊ အမှတ်(၁)၊သုခဝတီလမ်း၊ အမှတ် ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဆီဒိုးနားဟိုတယ်အနောက်ဘက်

ရက်စွဲ/အချိန် - ၁၀-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီ

၃။ **ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

ဦးလှမိုး(ညွှန်ကြားရေးမှူး) ဖုန်း-၀၉-၈၆၁၅၅၁၁

ဦးမောင်မောင်လှ(ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၉-၈၅၁၀၃၂၂

ရောင်းချဖြန့်ဖြူးရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

အလိုတော်ပြည့်ကျောင်းတိုက်များ၏အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်း ပြည်ပသာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်အား ဦးထိပ်ထားလျက် **ကထိန်ဒါယကာ ဦးအောင်ဝင်း** (၈၅)နှစ်ပြည့်မွေးနေ့မင်္ဂလာ၏ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရာ အမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှုအကြောင်းပြု၍ ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရှွေညောင်လမ်းရှိ အောင်မြေဗောဓိမ္ဗရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်ကြကုန်သော ဆရာတော်သံဃာတော်အပါး ၂၇၀နှင့် ပင့်သံဃာတော်အပါး ၅၀တို့အား (၁၆)ကြိမ်မြောက် ကထိန်လျာသင်္ကန်းနှင့်ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုနိုင်ရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကထိန်အလှူရှင်

ဦးအောင်ဝင်း-ဒေါ်ကျင်မြိုင်၊ သားသမီးမြေးတစ်စု

အလှူတော်မင်္ဂလာအစီအစဉ်

အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက် (၉-၁၁-၂၀၁၃ရက်) စနေနေ့

အလှူတော်မင်္ဂလာအချိန် - နံနက် ၉း၃၀ နာရီ

အလှူတော်မင်္ဂလာနေရာ - အောင်မြေဗောဓိမ္ဗရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဘူတာရုံလမ်းရှိ မင်္ဂလာရေကန်တော်ဆိုင်ခန်းအမှတ် B/12, 13(နှစ်ခန်းတွဲ)ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇေယျာမွန်း ၁၂/မရက(နိုင်)၀၇၁၁၂၁က တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ငါးရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေအညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဖြိုးဟံအောင် ဖုန်း-၀၉-၅၀၆၀၃၂၅

ဦးအောင်ဝင်းထက် ဖုန်း-၀၉-၇၃၀၅၉၅၂၅

၃၃ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာ့လှေလှော်အားကစားသမားများ လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၆

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်သည် မြန်မာ့လှေလှော် အားကစားသမားများ လေ့ကျင့်လျက်ရှိသည့် နေပြည်တော် ငလိုက်ရေလှောင်တမံသို့ နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုအားပေးကာ အောင်မြင်မှုများဖြင့် နိုင်ငံတော်၏ဂုဏ်ကို အစဉ်အဆက်မပြတ် မြှင့်တင်ခဲ့ကြသည့် လှေလှော်အားကစားသမားများအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိရေပြင်ပေါ်မှာ အစဉ်အလာမပျက် အောင်မြင်မှုရယူနိုင်ရေးအတွက် အလေးထားစွမ်းဆောင်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလက်ဝှေ့ လေ့ကျင့်ရန် ပြည်ပသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၆

နိုဝင်ဘာ ၅ ရက် နံနက်က ကာဇက်စတန်နိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်လေ့ကျင့်ကြမည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဦးတင်မောင်ဖေ ဦးဆောင်သော နည်းပြများ၊ အမျိုးသားပဏာမလက်ရွေးစင် လင်းထွန်းပိုင်၊ ဝေဖြိုးထွန်း၊ ပြည့်ဖြိုးဟိန်း၊ မောင်ငယ်၊ ကျော်ကျော်ထက်၊ ရဲနိုင်၊ ဝေလင်းအောင်၊ အောင်ကိုကို၊ အမျိုးသမီးပဏာမလက်ရွေးစင် နန်းသက်ထားစံ၊ နယ်လီ၊ နွယ်နီဦး၊ မေရီ၊ ကြူကြူလှိုင်တို့အား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးတင်လှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ပီတန်းအားကစားဖြင့် မြန်မာတို့ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်မည့် အလားအလာရှိကြောင်း မြန်မာနိုင်ငံ ပီတန်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူးက ပြောသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ အိမ်ရှင် မြန်မာနိုင်ငံအနေဖြင့် ပီတန်းအားကစားကို ပထမဆုံးအကြိမ် ကစားရသော်လည်း ဆုတံဆိပ်များမျှော်မှန်းနိုင်တဲ့အနေအထားရှိပါတယ်။ စက်တင်ဘာလအတွင်းက ကျင်းပခဲ့တဲ့ အခြေအနေကို သုံးသပ်ခြင်းအားဖြင့် မြန်မာပီတန်း အားကစားသမားတွေ ဆုရနိုင်တဲ့ အနေအထားရှိပါတယ်။ အဲဒီတုန်းက မြန်မာပီတန်းကစားသမားတွေက ရွှေနှစ်ခု၊ ငွေတစ်ခုနဲ့ ကြေးငါးခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒါတွေကို လေ့လာခြင်းအားဖြင့် မြန်မာကစားသမားတွေ လာမယ့်ပြိုင်ပွဲကြီးမှာ ဆုတွေ ဆွတ်ခူးနိုင်ပါလိမ့်မယ်" ဟု အတွင်းရေးမှူး ဦးအေးထွန်းက ပြောသည်။

ယခုအခါ မြန်မာပီတန်း အားကစားသမား အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁၄ ဦးတို့အား နေပြည်တော်၌ ပြည်ပနည်းပြနှစ်ဦးဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ ဆီးဂိမ်းတွင် ပီတန်းအားကစားနည်း၌ ရွှေတံဆိပ်ဆု ၁၁ ခု ချီးမြှင့်မည်ဖြစ်သည်။

ပီတန်းအားကစား ပြိုင်ပွဲများကို နေပြည်တော်၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၀ ရက်အထိ Sports Village Complex တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

မြန်မာပီတန်းကစားသမားများလည်း ဆုမျှော်မှန်း

မြန်မာပီတန်းအဖွဲ့တွင် အမျိုးသား သန်းဇော်ဦး၊ ဇော်လင်းထွန်း၊ မင်းမင်းထွန်း၊ ဝေယံလင်း၊ ကျော်ရင်၊ ထွေးကိုကို၊ သက်ဝေအောင်၊ ဇော်ဇော်လှိုင်၊ ဇော်မျိုးအောင်၊ စောဇင်ကိုခိုင်၊ ဇော်မျိုးအောင်၊ ငြိမ်းချမ်း၊ မျိုးဇော်ထူးနှင့် သက်နိုင်ဝင်းတို့ ပါဝင်သည်။ အမျိုးသမီး အားကစားသမားများမှာ ယဉ်မင်းအေး၊ အိဖြူ ယွန်းမီမီကျော်၊ ဝါဝါလှိုင်၊ ချောအိသူ၊ သဲစုစုအောင်၊ ပိုးအိမောင်၊ သင်းဝါဝါထွန်း၊ အေးအေးငြိမ်း၊ ပန်းအိဖြိုး၊ တင်တင်ဝေ၊ ခင်ချယ်ရီသက်နှင့် နန်ပေါက်ပေါက်ဖြူတို့ ပါဝင်ကြသည်။

အဆိုပါ ပီတန်းအားကစားသမားများအား ဘိုးလင်း၊ ပြေးခုန်ပစ်၊ အလေးမ အားကစားနည်းများကို ကစားနေသည့် အားကစားသိပ္ပံ ရန်ကုန်နှင့် မန္တလေးတို့မှ ကစားသမားများကို ရွေးချယ်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပီတန်းအားကစားနည်းကို ပထမဆုံး ယှဉ်ပြိုင်ရသည့် အားကစားနည်းအသစ်ဖြစ်သော်လည်း အားကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ နည်းပြများ၏ စနစ်တကျ သင်ကြားပေးမှုတို့ကြောင့် ပြိုင်ဘက်များကို ကောင်းစွာယှဉ်ပြိုင်နိုင်ပြီး ဆုများ ဆွတ်ခူးနိုင်ရန်မျှော်လင့်ရပါကြောင်း။

မောင်ရွှေရိုး

မြန်မာပီတန်းကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

YAR PYAE
LCCI (UK) Level I & II, Level III

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ (နေ့စဉ်)
မငွေတောင် (ဆောင်း)
Ph:209200,400400,541363

ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209389, 09-731 69000

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဂုဏ်ပြုပွဲကို ၂၉-၁၂-၂၀၁၃ရက် နံနက် ၁၀ နာရီ အချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အသက်(၇၅)နှစ်အထက်ရှိ ဘိုးဘွားများစာရင်းနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ (အမှတ်စာရင်းနှင့်အတူ) အောက်ပါပုဂ္ဂိုလ်များထံ ၅-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ဦးသောင်းညွှန့်	ဖုန်း-၀၁-၅၅၂၄၈၉
ဒေါက်တာခင်မောင်သန်း	ဖုန်း-၀၉-၇၃၂၄၀၅၃၁
ညောင်ဦးဖိုးချို	ဖုန်း-၀၁-၅၄၅၃၂၃
ဦးယုတင်	ဖုန်း-၀၉-၅၀၂၈၀၄၅
ဦးကျော်ဝင်း	ဖုန်း-၀၁-၅၁၂၅၃၁
ဦးကြည်စိုး	ဖုန်း-၀၉-၅၁၀၆၇၀၆
ဦးရဲဝင်းနိုင်	ဖုန်း-၀၉-၄၂၀၇၃၆၈၈၆
ဦးလွမ်းနိုင်	ဖုန်း-၀၉-၃၁၁၁၂၄၅၁
ဦးသာဒွေး	ဖုန်း-၀၉-၈၆၈၈၇၉၆
ဒေါ်ဆွေဆွေ	ဖုန်း-၀၉-၇၃၀၂၄၄၃၉

အမှုဆောင်အဖွဲ့

နိုင်ငံတကာအားကစားသတင်း

ယူရိုပါလိဂ် အုပ်စု ပွဲစဉ်-၄ (သီဟ)

နိုဝင်ဘာ ၇/၈

ကူဘန်	-	ဆွမ်ဆီး	ည ၁၁း၃၀
ရှူဘင်ကာဖန်	-	ဝီဂန်	ည ၁၁း၃၀
စိန့်ဂယ်လန်	-	**ဗလင်စီယာ**	နံနက် ၀၀း၃၀
လူဒိုဂိုရတ်စ်	-	**ချော်နိုမိုရက်စ်**	နံနက် ၀၀း၃၀
PSV	-	ဒိုင်နမိုဇာဂရတ်စ်	နံနက် ၀၀း၃၀
အက်စ်ဘတ်	-	အဲလ်ဘော့	နံနက် ၀၀း၃၀
စတန်းဒက်လီဂီ	-	ဆဲလ်ဘတ်	နံနက် ၀၀း၃၀
မာရီဘော	-	**ရူလ်တီဂါရီဂမ်**	နံနက် ၀၀း၃၀
ဒီနီပရို	-	ပါကို့စ်ဖာရဲရား	နံနက် ၀၀း၃၀
ပန်ဒူရီ	-	**ဖီအိုရင်တီးနား**	နံနက် ၀၀း၃၀
အေပိုးလ်	-	ဘော်ဒိုး	နံနက် ၀၀း၃၀
မက္ကာဘီတဲလ်အဗစ်	-	ဖရန့်ဖတ်	နံနက် ၀၀း၃၀
ရက်ပစ်ဝီအန်	-	**ဂျန့်**	နံနက် ၂း၃၅
သွန်း	-	ဒိုင်နမိုကိဗ်	နံနက် ၂း၃၅
ဆီဗီလာ	-	လီဘာရက်	နံနက် ၂း၃၅
အက်စ်တိုရယ်	-	**ဖရိုင်းဘတ်**	နံနက် ၂း၃၅
ရီဂျက်ကာ	-	လိုင်ယွန်	နံနက် ၂း၃၅
ဂူမာရေးစ်	-	ဘက်တစ်	နံနက် ၂း၃၅
လီဂီယာဝါဆော	-	ထရက်ဇွန်စပေါ	နံနက် ၂း၃၅
လာဇီယို	-	အပိုလွန်	နံနက် ၂း၃၅
ထရွမ်ဆို	-	**အန်ဇီ**	နံနက် ၂း၃၅
စပါး	-	ရှရစ်ဖ်	နံနက် ၂း၃၅
အယ်လ်ခမာ	-	ရှက်တာကာရာဂန်ဒီ	နံနက် ၂း၃၅
မက္ကာဘီဟိုင်ဖာ	-	**PAOK**	နံနက် ၂း၃၅

ချန်ပီယံလိဂ် အုပ်စု ပွဲစဉ်-၄ ရလဒ်

ရှက်တာဒိုးနက်စ်	၀-၀	လေဗာကူဆင်
ဆိုစီဒက်	၀-၀	မန်ယူ
ဂျူဗင်တပ်စ်	၂-၂	ရီးရဲလ်မက်ဒရစ်
ကိုပင်ဟေဂင်	၁-၀	ဂါလာတာစာရေး
ပီအက်စ်ဂျီ	၁-၁	အန်ဒါလက်ချ်
အိုလံပီယာကော့စ်	၁-၀	ဘင်ဖီကာ
မန်စီးတီး	၅-၂	CSKA မော်စကို
ပါလ်ဇန်	၀-၁	ဘိုင်ယန်မြူးနစ်

ရီးရဲမက်ဒရစ်အုပ်စုကျော်ရန်တစ်မှတ်သာလို

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားသွားခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂျူဗင်တပ်စ်နှင့် ရီးရဲမက်ဒရစ်တို့တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ဂါရက်ဘေးလ်**(ဝဲပုံ)**က ရီးရဲမက်ဒရစ်အတွက် ပထမဆုံးသော ချန်ပီယံလိဂ်ပြိုင်ပွဲကစားကာ ဂိုးသွင်းပေးခဲ့သည်။ ဂျူဗင်တပ်စ်အတွက် ဗစ်ဒဲက ၄၂ မိနစ်တွင် ပယ်နယ်တီဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၅၂ မိနစ်တွင် စီရိုနယ်ဒိုက ဘင်ဇီမာ၏ ဖြတ်တင်ဘောမှတစ်ဆင့် ယင်းဂိုးကို ချေပခဲ့သည်။ ဩဂုတ်လအတွင်း ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ဖြင့် စပါးမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာသော ဂါရက်ဘေးလ်က ၆၅ မိနစ်တွင် ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။ သို့ရာတွင် ၆၅ မိနစ်တွင် မော်ရင်တေး၏ ခေါင်းတိုက်ချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ ရီးရဲမက်ဒရစ်သည် နောက်ဆုံး ၁၆ သင်းပြိုင်ပွဲတက်ရန် နီးစပ်နေပြီဖြစ်သည်။

ဂျိုကိုဗစ်က ဖက်ဒဲရားကို သုံးရက်အတွင်း နှစ်ကြိမ်မြောက်အနိုင်ကစား

ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ် **(ယာပုံ)**သည် လန်ဒန်မြို့၌ ကျင်းပသော ကမ္ဘာ့ထိပ်သီးချန်ပီယံများပြိုင်ပွဲဖြစ်သည့် ATP World Tour Final တွင် ဆွစ်ဇာလန်နာမည်ကြီးတင်းနစ်ကစားသမား ဖက်ဒဲရားကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး အနိုင်ယူလိုက်သည်။ ဂျိုကိုဗစ်က ဖက်ဒဲရားကို သုံးရက်အတွင်း ဒုတိယအကြိမ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းတို့နှစ်ဦးသည် နိုဝင်ဘာ ၂ ရက်က ပါရီဆီမီးပြိုင်ပွဲတွင်လည်း ဆုံတွေ့ခဲ့ရာ ဂျိုကိုဗစ်ကပင် အနိုင်ရခဲ့သည်။ ယခုပြိုင်ပွဲတွင်လည်း ဂျိုကိုဗစ်က ဖက်ဒဲရားကို ၆-၄၊၆-၇၊၂-၇၊၆-၂ ဖြင့် အနိုင်ရခဲ့သည်။ ဂျိုကိုဗစ်သည် ရာသီကုန်ဖလားလုပွဲတွင် အနိုင်ရရှိသွားပါက ရာဖေးလ်နာဒယ်ထံမှ ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်ယူဖွယ်ရှိသည်။ စောစောပိုင်းပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်ကလည်း တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာကို ၁ နာရီနှင့် ၁၄ မိနစ်ကြာ ကစားပြီး အနိုင်ယူထားသည်။ နာဒယ်သည် အုပ်စု(A)ကို ဦးဆောင်လိမ့်မည်ဖြစ်သည်။

နီဂရီဒို ဟက်ထရစ်ဖြင့် မန်စီးတီး အောင်ပွဲခံ

မန်စီးတီးနှင့် စီအက်စ်ကေအေ မော်စကိုတို့ပွဲတွင် နီဂရီဒို၏ ဟက်ထရစ်ဂိုးကြောင့် မန်စီးတီးတို့ ချန်ပီယံလိဂ်အုပ်စုတက်ရန် သေချာသွားပြီဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မန်စီးတီးက ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရလိုက်သည်။ မန်စီးတီးက ပထမပိုင်းတွင် အဂူရိုက နှစ်ဂိုးနှင့် နီဂရီဒိုက တစ်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်စပြီးနောက် မော်စကိုအတွက် ဒမ်ဘီယာက ချေပဂိုးသွင်းယူခဲ့သည်။ ဒုတိယဂိုးကို ၄င်းမှပင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ နီဂရီဒိုက ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့သည်။ မန်စီးတီးတို့ ယင်းအနိုင်ပွဲကြောင့် လာမည့် ပါလ်ဇန်နှင့်ပွဲထပ်မံနိုင်လျှင် သေချာပေါက်အုပ်စု ကျော်လိမ့်မည်ဖြစ်သည်။ နောက်ဆုံးပွဲ ဘိုင်ယန်မြူးနစ်ကို ရှုံးသည့်တိုင် နောက်ဆုံး ၁၆ သင်း ပြိုင်ပွဲတက်ရန် သေချာသည်။

မန်ယူနှင့်ရီးရဲဆိုစီဒက်တို့ပွဲတွင် ဗန်ပါစီ၏ ပယ်နယ်တီလွဲချော်မှုကြောင့် ဂိုးမရှိသရေဖြစ်ခဲ့ရသည်။ သို့ရာတွင် မန်ယူတို့အုပ်စု ထိပ်ဆုံးနေရာ ရပ်တည်ဆဲဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ဆိုစီဒက်မှာ ယခုနှစ်ချန်ပီယံလိဂ်တွင် ပထမဆုံးတစ်မှတ်ကို ရယူလိုက်ခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်သည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ်(၂)တွင် ကျင်းပရာ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းပါ ပုဒ်မ၊ ပုဒ်မခွဲအတိုင်း အချက်တစ်ချက်ချင်းစီအလိုက် လေ့လာစိစစ်ကြကာ ညှိနှိုင်းဆောင်ရွက်ကြသည်။

ယင်းမူလတင်သွင်းသည့် ဥပဒေကြမ်းအပေါ် ပြည်တွင်းပြည်ပ လူမှုရေး အဖွဲ့အစည်းအသီးသီးတို့၏ အကြံပြုချက်များအရ **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို ထပ်မံပြင်ဆင်တင်သွင်းခဲ့ပြီး မူလတင်သွင်းခဲ့သော ဥပဒေကြမ်းကို ရုပ်သိမ်းခဲ့မှုအရ ဥပဒေကြမ်းကော်မတီက ထပ်မံလေ့လာ စိစစ်ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြိတ်မြို့၌ လစဉ်ပုံမှန် ယူစီအိုင်ကာကွယ်ဆေးထိုးနှံ

မြိတ် နိုဝင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန် ယူစီအိုင်ကာကွယ်ဆေးထိုးနှံခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မြိတ်မြို့ ကန်ခေါင်းရပ်ကွက် ကန်ခေါင်းမီးသတ်တပ်ဖွဲ့ရုံး၌ မြို့မကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်မျိုးမျိုးလှိုင်၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်မျိုးမျိုးပိုင်နှင့် သူနာပြုဆရာမများက ရပ်ကွက်အတွင်းရှိ အသက်တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန်ပေါင်ချိန်ခြင်းနှင့် ငါးမျိုးစပ်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ ချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးများ ရောစပ်၍ ရပ်ကွက်အတွင်းမှ မိခင်နှင့်ကလေး စုစုပေါင်း ၃၅ ဦးကို နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ ကျန်းမာရေးစောင့်ရှောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မိုးဟိန်း(မြိတ်)

အပူလွန်ကဲပြီး မီးလောင်ပေါက်ကွဲမှု တောင်ကြီး၌ ဖြစ်ပွား

နေပြည်တော် နိုဝင်ဘာ ၆

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်တွင် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ကြီးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဆုံးရှုံး

စစ်ဆေးချက်အရ နယ်မြေ(၁၅) နီလာလမ်းနေ ဦးသာထူးအောင်(၄၄ နှစ်)သည် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံတွင် အသုံးပြုမည့် ငွေမင်အား နိုဝင်ဘာ ၂ ရက် နေ့လယ်ပိုင်းတွင် နေလှန်းထားခဲ့ပြီး နေအိမ်အောက်ထပ် မီးဖိုခန်းရှိ သစ်သားဗီရိုအတွင်း အခြားယမ်းများနှင့်အတူ သိမ်းဆည်းခဲ့ရာမှ အပူလွန်ကဲပြီး ပေါက်ကွဲမီးလောင်ကျွမ်းခဲ့ကြောင်း၊ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး အဆိုပါ မီးလောင်မှုကြောင့် ဦးသာထူးအောင်အား တောင်ကြီးနယ်မြေရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် (၅၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၆

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ရွှေရတုဗိမာန်တော်ကြီးတွင် နိုဝင်ဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုနှင့် မဏ္ဍိုင်မာမက မိသားစုတို့၏ (၅၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အစီအစဉ်ရှစ်ရပ်ဖြင့် ကျင်းပလှူဒါန်းခဲ့သည်။ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းနှင့် မဏ္ဍိုင်ဥက္ကဋ္ဌကြီးတို့က ကထိန်လျာဥတ်သင်္ကန်းကြီး ဆက်ကပ်လှူဒါန်းပြီး ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးကြီး မြဝင်းနှင့် ဇနီး၊ ရဲတပ်ဖွဲ့ဝင်မိသားစုများမှ ဆွမ်းဆန်တော်အိတ် ၁၀၀ ဆက်ကပ်လှူဒါန်း၍ ရဲတပ်ဖွဲ့ဝင်မိသားစုမှကထိန်သင်္ကန်းအလှူအတွက် အလှူငွေ ၁၀ သိန်းမတည်ခဲ့ပြီး သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်အုပ်ဆရာတော် ဓမ္မာစရိယ ဂန္ထဝိစကပဏ္ဍိတ ဦးသုန္ဒရထံမှ အနုမောဒနာရေစက်ချတရားနာယူကာ ရေစက်သွန်းချအမျှဝေခဲ့သည်။ ၎င်းနောက် ကျောင်းရှိ သံဃာတော်များ အပါး ၅၀၀ ကျော်တို့အား သင်္ကန်းဒွိစုံနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၈၃)**

ပြင်ဦးလွင်မြို့၌ ဒီပါဝလီအခါတော်နေ့ ဒေသခံဘာသာဝင်များနှင့်အတူ ပြည်သူများပျော်ရွှင်စွာဆင်နွှဲ

ပြင်ဦးလွင် နိုဝင်ဘာ ၆

ပြင်ဦးလွင်မြို့သည် ရှေးယခင်နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက နွေရာသီ အပန်းဖြေမြို့ ဖြစ်သည့်အားလျော်စွာ ဒေသအတွင်း၌လည်း လူမျိုး၊ ဘာသာစုံလင်လှသည့် မြို့တစ်မြို့ ဖြစ်သည်။ တိုင်းရင်းသား လူမျိုးများနှင့် ဘာသာပေါင်းစုံသွေးစည်းညီညွတ်ကာ ယနေ့ထက်တိုင် အေးချမ်းသာယာလှသည့် မြို့အဖြစ်လည်း တည်ရှိနေဆဲပင်ဖြစ်သည်။

ဒေသတွင်း ရိုးရာဘာသာရေးပွဲတော်များ၊ မိမိတို့ သက်ဝင်ယုံကြည်ကိုးကွယ်သည့် ဘာသာအလိုက်ပွဲတော်များကိုလည်း နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေရာ ဒေသအတွင်းနေ ပြည်သူများက အတူတကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိသည်။ **(ယာပုံ)**

ယခုလည်း အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပနေသည့် ဒီပါဝလီပွဲတော်ကြီးသည် နေ့စဉ်စည်ကားလျက်ရှိကြောင်း တွေ့မြင်နေရသည်။ ဘာသာဝင်များ၏ အိမ်တိုင်းတွင် မီးရောင်စုံများ လှပဝေဆာစွာထွန်းညှိထားပြီး ရိုးရာအတီးအမှုတ် အကအခုန်များဖြင့် အိမ်ရှေ့တွင် ဆုတောင်းမေတ္တာပို့ ဓမ္မသီချင်းများနှင့် သီဆိုကျူးရင့်လျက်ရှိနေသည်။

အကအလှ အဖွဲ့များသည် ကျေးရွာ၊ ရပ်ကွက်အလိုက် အုပ်စုဖွဲ့တည်ထောင်ထားကြပြီး ပွဲတော်နေ့များတွင် ကပြဖျော်ဖြေကြ၍ ရရှိလာသော ရန်ပုံငွေများကို ဘုရားကျောင်းကန်များတွင် သုံးစွဲကြကြောင်း လေးစားဖွယ်တွေ့ရှိရသည်။

အထူးသဖြင့် မယ်တော်ပူဇော်သောနေ့ကို ဘာသာဝင်တို့၏ ထူးမြတ်သော နေ့တစ်နေ့အဖြစ် သတ်မှတ်ထားရှိပြီး ညလုံးပေါက် အဆို၊ အက၊ အတီးများဖြင့် ပျော်ရွှင်စွာ ကျင်းပနေသည်မှာ ပြင်ဦးလွင်မြို့၏ အဓိက လားရှိုးလမ်းမကြီးပင် ပိတ်ဆို့သွားသည့်တိုင်အောင်စည်ကားလှပေသည်။

ပွဲတော်တွင် ပြင်ဦးလွင်မြို့သို့ အလည်အပတ် ရောက်ရှိနေသည့် နိုင်ငံခြားသား ဧည့်သည်များနှင့် ဒေသခံ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိနေပါကြောင်း။

သက်နိုင်(ပြင်ဦးလွင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) **လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်** - (၄၃×၃၇×၁၂)ပေသွပ်မိုး၊ အုတ်ညှပ်တစ်ထပ်
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၁-၂၀၁၃ ရက်၊ ၁၄:၀၀ နာရီ
(ဃ) **တင်ဒါတင်ရမည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုပန်မြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုပန်မြို့၊ ဖုန်း-၀၈၂-၇၄၀၀၂၊ ၀၈၂-၇၄၀၀၃

သမဝါယမဝန်ကြီးဌာန၊ မြို့နယ်သမဝါယမအသင်းစု(ပေါင်းတည်မြို့) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မြို့နယ်သမဝါယမအသင်းစုပိုင် အောက်ပါပစ္စည်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသည်။

(က) **ပစ္စည်းအမည်** - ဖွဲ့၊ (ခ) **အမျိုးအစား** - လယ်ထွန်စက်

၂။ ဖွဲ့လယ်ထွန်စက်အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - ဈေး(၁)ရပ်ကွက်၊ ၁ လမ်း၊ ပေါင်းတည်မြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုရုံး၊ ရှမ်းစုလမ်း(သိုလှောင်ရုံ)
(ခ) **တင်ဒါပုံစံဝယ်ယူရမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံး၊ ဈေး(၁)ရပ်ကွက်၊ ၁ လမ်း၊ ပေါင်းတည်မြို့။
(ဂ) **တင်ဒါပုံစံစတင်ရောင်းမည့်ရက်၊ ဈေးနှုန်း** - ၈-၁၁-၂၀၁၃ရက် တစ်စောင်ဈေးနှုန်း (၅၀၀၀ိ/-)
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံး၊ ဈေး(၁)ရပ်ကွက်၊ ၁ လမ်း၊ ပေါင်းတည်မြို့။
(င) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၀-၁၁-၂၀၁၃ ရက်၊ ၁၆:၃၀ နာရီ
(စ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၀-၁၁-၂၀၁၃ ရက်၊ ၁၀:၃၀ နာရီ

မြို့နယ်သမဝါယမအသင်းစု၊ ပေါင်းတည်မြို့၊ ဖုန်း-၀၅၃-၃၈၀၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ခ) ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမြန်ရထားကြီးများ၏ လူစီးတွဲများ၌ ရုပ်မြင်သံကြားစက်များတပ်ဆင်၍ ကြော်ငြာခြင်းနှင့် ဖျော်ဖြေရေး အသိပညာပေးရေးလုပ်ငန်း
(ဂ) ရန်ကုန်မြို့ပတ်၊ ရိုးရိုးတွဲဆိုင်း(၁၄)ဆိုင်း၌ ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း
(ဃ) မြန်မာ့မီးရထားပိုင်မြေများ၊ မြစ်ကူးတံတားများ၊ လူကူးခုံးကျော်တံတားများတွင် ကြော်ငြာတပ်ဆင်ခြင်းလုပ်ငန်း

၂။ ဖော်ပြပါတင်ဒါအတွက် တင်ဒါစည်းကမ်းချက်၊ တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင်ကျပ် ၁၀၀၀၀ဖြင့် ၈-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်ဘူတာကြီး၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးဘူတာကြီးနှင့် စီးပွားရေးဌာန၊ နေပြည်တော်ဘူတာကြီးများ၌ ဝယ်ယူနိုင်ပါသည်။

၃။ သက်ဆိုင်ရာလုပ်ငန်းအလိုက် တင်ဒါအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်(ခ)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)ရုံးသို့ ၂၂-၁၁-၂၀၁၃ရက် ၁၂:၀၀နာရီ နောက်ဆုံးထားပေးပို့သွားရမည်။ သတ်မှတ်ကာလထက် နောက်ကျပေးသွင်းပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၇) ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၃၄၂၈၊ ၇၀၄၇၉၁၊ မန်နေဂျာ(စီးပွားရေး) တိုင်းအမှတ်(၃) မန္တလေးမြို့ ဖုန်း-၀၂-၆၆၇၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ဦးမင်းမြတ်သူ၏သား မောင်ရှားနောင် ၁၂/ရကန(နိုင်)၀၆၂၁၇၄အား ယနေ့မှစ၍ မောင်စန်းလွင်ဟု ခေါ်ဆိုပါရန်။

မောင်စန်းလွင်

စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ လေ့ကျင့်ရေးဂေါက်ကွင်း ငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းပိုင်ဆိုင်သည့် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ မြေဧရိယာ ၁၇ဒသမ ၅၀ဧကအတွင်း၌ အလျား ၂၅၀မီတာ၊ အနံ ၁၅၀မီတာ အကျယ်အဝန်းရှိသော လေ့ကျင့်ရေးဂေါက်ကွင်းအား ငှားရမ်းသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) ၁၃:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာများ စတင်ထုတ်ယူနိုင်မည့်ရက်** - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)
(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၆၇-၄၀၅၃၄၉၊ ၀၆၇-၄၀၅၄၁၄၊ ၀၆၇-၄၀၅၄၅၁

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဇေယျာလင်း(ခ)ကိုသက် ၁၂/အစန(နိုင်)၂၀၄၁၁၇ သည် မိဘများ၏ပြောဆိုဆုံးမမှုကို လိုက်နာခြင်းမပြုဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းစိန်
၁၂/အစန(နိုင်)၀၀၉၄၀၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဂျာနယ်စာမျက်နှာပေါ်ကပေးလိုက်တဲ့ဝေဒနာတစ်ခု

ဟိုတလောက ပြင်ဦးလွင်ကအပြန် ပန်းတွေဝယ်ခဲ့တယ်။ အဲဒီပန်းတွေကို ပန်းသည်က ဂျာနယ်အဟောင်းတွေနဲ့ ထုပ်ပိုးစည်းနှောင်ပေးလိုက်တယ်။ ဂျာနယ်တွေ သတင်းစာတွေနဲ့ ပန်းကိုထုပ်ထားရင် အလွယ်တကူ မညှိုးနိုင်ဘူးလို့လည်း ဆိုပါတယ်။ ကိုယ်ကတော့ စာသမား သတင်းသမားဆိုတော့ ဂျာနယ်စက္ကူလေးကို နှမြောသွားမိတယ်။

အိမ်ရောက်တော့ ပန်းစည်းထုပ်ထားတဲ့ ဂျာနယ်စာရွက်ဟောင်းလေးကို ဖြေပြီး စာမျက်နှာပေါ်က သတင်းတစ်ပုဒ်ကို ဖတ်မိရာက ရင်ထဲနင့်ခနဲနေအောင် ခံစားလိုက်ရပါတယ်။ သတင်းရဲ့ခေါင်းစဉ်က "ငှက်ဖျားရောဂါနဲ့ တီဘီဝေဒနာရှင်အမျိုးသားတစ်ဦး ဆေးဖိုးမတတ်နိုင်၍ ကြိုးဆွဲချသေဆုံး" ဆိုတဲ့ ခေါင်းစဉ်နဲ့သတင်းပါ။

သတင်းအရဆိုရင် (၃၈နှစ်)အရွယ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ခဲ့ကြောင်း၊ ၎င်းသည်ငှက်ဖျားရောဂါနှင့်တီဘီရောဂါဝေဒနာ ခံစားနေရပြီး အိမ်ထောင်ကွဲနေသူလည်းဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါး၍ ဆေးကုသရန် ဆေးဖိုးမတတ်နိုင်သဖြင့် ကိုယ်တိုင်အဆုံးစီရင်ခြင်းဖြစ်နိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက မှတ်ချက်ပြုပြောသည်လို့ ရေးသားဖော်ပြထားပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ ကျန်းမာရေးဌာနက ဆင်းရဲချမ်းသာမရွေး ဆေးကုသစောင့်ရှောက်ပေးနေပြီး ငွေကြေးတတ်နိုင်သူအလှူရှင်တွေက ငွေပဒေသာပင်တွေ စိုက်ထူပေးနေတာကြားနေရပါတယ်။ ဒါ့အပြင် ကုသိုလ်ဖြစ်ဆေးပေးခန်း၊ အခမဲ့ဆေးပေးခန်းတွေ မြို့နယ်တိုင်းလိုလိုမှာရှိနေပါပြီ။

ဒီနေ့ကမ္ဘာပေါ်မှာ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် HIV လူနာတွေအတွက် ရောဂါကြီးသုံးမျိုးရန်ပုံငွေနဲ့ ကမ္ဘာအနှံ့အခမဲ့ကုသပေးနေတာပါ။ မြန်မာနိုင်ငံတစ်ဝန်းလုံးက ကျန်းမာရေးဌာနတွေမှာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနတွေရှိပါတယ်၊ အခမဲ့ကုပေးနေတာပါ။ ငှက်ဖျားရောဂါ၊ HIV ရောဂါအတွက်လည်း အခမဲ့ဆေးဝါးတွေပေးပြီး ကုသပေးနေပါတယ်။ ကျွန်မတို့ လားရှိုးမှာဆိုရင် ဆေးရုံကြီးရှေ့မှာ ပိုစတာကြီးတစ်ခုရှိတယ်။ "တီဘီရောဂါဆေးအခမဲ့ပေးတယ်"လို့ ရေးထားတယ်။ မြန်မာနိုင်ငံဆရာဝန်အသင်းက မြို့နယ်ပေါင်း ၂၀၀ ကျော်မှာ တီဘီဆေးအခမဲ့ ကုသပေးတယ်။ ဒါ့အပြင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကလည်း တီဘီဆေး၊ ငှက်ဖျားဆေး၊ HIV ဆေးတွေကို အခမဲ့ပေးနေပါတယ်။ ကျန်းမာရေးဌာနက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့မှာ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူတွေကို တီဘီရောဂါအကြောင်းနဲ့ အခမဲ့ဆေးကုပေးနေတယ်ဆိုတာတွေ ဟောပြောနေတာ နှစ်တိုင်းပါပဲ။ ကျန်းမာရေးဝန်ထမ်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေကလည်း တီဘီရောဂါဝေဒနာရှင်တွေကို ပူးပေါင်းရှာဖွေဆေးကုသပေးနေတယ်ဆိုတာ လူတိုင်းလူတိုင်း သိထားဖို့လိုပါတယ်။

ရပ်ရွာအုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေက ပိုပြီးတော့တောင် သိဖို့လိုပါတယ်။ တီဘီဆေးဝယ်မသောက်နိုင်လို့၊ ငှက်ဖျားဆေးဝယ်မသောက်နိုင်လို့ မိမိကိုယ်ကိုအဆုံးစီရင်တာ ဖြစ်နိုင်တယ်ဆိုတာမျိုးကို ရပ်ရွာအုပ်ချုပ်သူက ပြောရအောင် အထောက်အထားခိုင်ခိုင်မာမာရှိမှပြောသင့်ပါတယ်၊ သတင်းသမားတွေကလည်း ထင်ကြေးနဲ့ လက်လွတ်စပယ်ပြောဆိုတာမျိုးကို ရေးသားဖော်ပြခြင်းမပြုသင့်ပါဘူး၊ ဒါ့အပြင် နိုင်ငံတကာက ရောဂါကြီးသုံးမျိုးအလှူရှင်တွေသာ ဒီသတင်းကိုဖတ်ရရင် နိုင်ငံကို အထင်အမြင်သေးစရာ ဖြစ်မှာပါ၊ ဘာပြောပြော မြို့ကြီးပြကြီးမှာ နေထိုင်တဲ့ ရပ်ကွက်အုပ်ချုပ်နေသူတစ်ဦးဟာ မျက်မှောက်ခေတ်အခြေအနေကို သိထားသင့်ပါတယ်၊ ကမ္ဘာတစ်ဝန်းက အလှူရှင်တွေလှူတဲ့ တီဘီဆေး၊ အစွမ်းထက်ငှက်ဖျားရောဂါကုဆေး၊ HIV ဆေးတွေနဲ့ ကုသမှုခံယူနေတဲ့သူတွေ အများကြီးရှိနေတာပါ။ ကျန်းမာရေးဌာနနဲ့ လူမှုအဖွဲ့အစည်းတွေက တီဘီရောဂါ၊ ငှက်ဖျားရောဂါ HIV ရောဂါတွေအတွက် ဆောင်ရွက်နေကြတာတွေကို သတင်းစာတွေ၊ ဂျာနယ်တွေမှာ ရေးသားဖော်ပြနေတဲ့ သတင်းတွေ၊ ဆောင်းပါးတွေအများကြီးရှိပါတယ်။

ဒါ့အပြင် ရပ်သံလိုင်းတွေမှာ ဆင်းရဲနွမ်းပါးသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနေတဲ့ ပရဟိတအဖွဲ့တွေ၊ စေတနာရှင်တွေရဲ့ လှုပ်ရှားမှုတွေ ပုံရိပ်တွေကို မြင်တွေ့ကြားသိနိုင်ပါတယ်။

ကြိုးဆွဲချသေသူဟာ ငှက်ဖျားရောဂါ၊ တီဘီရောဂါခံစားနေရပြီး ဆင်းရဲလွန်းလို့၊ ဆေးကုသရန် ဆေးဖိုးမတတ်နိုင်လို့ ပြောတဲ့သူကပြောဦးတော့ ရေးသားဖော်ပြသူကလည်း ရေးသင့်သလား၊ ဖော်ပြသင့်သလား ဆင်ခြင်သုံးသပ်ဖို့ လိုအပ်ပါတယ်။

ဘယ်လိုပဲပြောပြော ပါးစပ်တစ်ပေါက်နဲ့ ကလောင်တစ်ချောင်းကြောင့် နိုင်ငံနဲ့ လူမျိုးကဲ့ရဲ့ခံရမယ့် ကာယကံ၊ ဝစီကံမျိုးကို စောင့်ထိန်းရှောင်ရှားသင့်တယ်လို့ ဆိုချင်ပါတယ်။

မမ(လားရှိုး)

မြို့ဒိုက်ဦးရဲ့ နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

ဒိုက်ဦးမြို့တန်ဆောင်တိုင်နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်ကားကျင်းပတော့မည်။ ထိုပွဲတော်ကြီးကို ရိုးရာအစဉ်အလာမပျက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာသည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယခုနှစ်တွင်လည်း ဒိုက်ဦးမြို့နယ် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်ကို နိုဝင်ဘာ ၁၁ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်)မှ နိုဝင်ဘာ ၁၈ ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)အထိ ရှစ်ရက်ကြာကျင်းပမည်ဖြစ်သည်။

၁၃၇၅ ခုနှစ် (၉၁)ကြိမ်မြောက် ဒိုက်ဦးမြို့နယ် နှစ်ကျိုပ်ရှစ်ဆူရုပ်ပွားတော်များဒေသစာရီလှည့်လည်ပူဇော်ပွဲကိုနိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီမှည ၉ နာရီအထိ မြို့တွင်းသို့ ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲကျင်းပခဲ့ရာတွင် ဘုရားတစ်ဆူယာဉ်တစ်စီးကျစီဖြင့် ၂၈ စီးပင့်ဆောင်လှည့်လည် အပူဇော်ခံရာမှ ဘုရားတစ်ဆူယာဉ်သုံးစီး စုစုပေါင်း ၈၄ စီးဖြင့် ယခုနှစ်တွင် လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ ယခုအချိန်မှာလည်း ပွဲတော်ကျင်းပရန် သိပ်မလိုသောကာလဖြစ်တာမို့ ဒိုက်ဦးမြို့မှ ဒေသခံများနှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်အတွက် စတင်လှုပ်ရှားနေကြပြီဆိုသည်ကတော့ အသေအချာပင်ဖြစ်သည်။

ဒိုက်ဦးမြို့ ဝါဆိုရပ်ကွက် အထက(၁)ကျောင်းဘောလုံးကွင်းတွင် ဖျော်ဖြေရေးဇာတ်စင်တည်ဆောက်ထားပြီး စားသောက်ဆိုင်တန်း၊ အထည်ဆိုင်တန်း၊ လူသုံးကုန်ပစ္စည်းတန်းစသဖြင့် ဆိုင်ခန်းများကို ရောင်းကုန်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ကာစနစ်တကျနေရာချထားပေးမည်ဖြစ်ကာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။ ပြည်သူများ တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်အတွင်း အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ပွဲတော်ကျင်းပရေးကော်မတီ၊ ဖျော်ဖြေရေး၊ ဆိုင်ခန်းများနေရာချထားရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီများကိုလည်း ဖွဲ့စည်းပေးထားပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ရှင်းပြသည်။

ချီးမြှင့်

ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ အငြိမ့်၊ ဇာတ်သဘင်နှင့်မြို့နယ်ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံး၊ တေးဂီတများဖြင့် အစဉ်အလာမပျက်ထည့်သွင်းကာ ခြိမ့်ခြိမ့်သဲစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင် နှစ်ကျိုပ်ရှစ်ဆူ ပူဇော်ပွဲဓမ္မသဘင်အဖြစ် နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ မြို့နယ်သာသနာ့ဗိမာန်၌ ညစဉ် ၇ နာရီမှစတင်ကာ ဓမ္မကထိက ဆရာတော် ၁၁ ပါးက အလှည့်ကျတရားချီးမြှင့်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဒိုက်ဦးမြို့နယ် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတော်သို့ ကြွရောက်ကြည်ညိုနိုင်ကြပါကြောင်းဖြင့် သတင်းကောင်းပါးအပ်ပါသည်။

မြိတ်မြို့ရှိ မျိုးသန့်စိုက်ခင်းများမှ ခေါင်နှံရွေးချယ်မျိုးစုဆောင်း

မြိတ် နိုဝင်ဘာ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း မျိုးသန့်စပါးစိုက်ခင်းများ စိုက်ပျိုးထားရှိရာ ယခုအခါ စပါးရိတ်သိမ်းချိန် ရောက်ရှိလာပြီဖြစ်၍ မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု အကျိုးဆောင်တောင်သူ ဦးဘစိုး၏ ကွင်းအမှတ် ၂၆၆၊ ဦးပိုင်အမှတ် ၈၄ ရှိ လယ် ၄ ဒသမ ၅ ဧက၌ စိုက်ပျိုးထားရှိသော မနောသုခမျိုးသန့်စိုက်ခင်းတွင် နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒုတိယဦးစီးမှူး ဒေါ်စန်းဝင်းခိုင်ဦးစီးသော ကွင်းဝန်ထမ်းနှင့် အဖွဲ့ဝင်ခုနစ်ဦးတို့သည် အဆိုပါမျိုးသန့်စိုက်ခင်းမှ ခေါင်နှံများ ရွေးချယ်ခြင်းကို လက်တွေ့သရုပ်ပြသပြီး ခေါင်နှံရွေးချယ်၍ မျိုးသန့်ခြင်း၏ အဓိကဖြစ်သော "မျိုးဆက်မမှန် ပင်မသန်၊ ဖူးတံငုံကင်း အသီးဖျင်း" ဆောင်ပုဒ်အကြောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ် ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၄-၁၁-၂၀၁၃ရက် ဖြစ်ပါသည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၂၉-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ် ၁၅၊ ဖုန်း-၀၆၇-၄၁၀၀၉၄

မအူပင်တက္ကသိုလ် အငှမအကြိမ် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော အိတ်ဖွင့်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ် အငှမအကြိမ် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန် ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံစည်းကမ်းတစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့် ၂၀-၁၁-၂၀၁၃ရက်မှစတင်၍ ဝယ်ယူပြီး ၄-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၄၅-၃၀၁၄၀ တွင် စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ဤဓာတ်ပုံရိုက်ကူးခွင့်သည် မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် အခမ်းအနားကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်နှင့်သာ သက်ဆိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မအူပင်တက္ကသိုလ်

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်) ကထိန်နှင့်သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ကထိန်နှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ - ဇီဝိတဒါနသံဃာ့ဆေးရုံ
အချိန် - နံနက် ၉ နာရီ
ရက်စွဲ - ၉-၁၁-၂၀၁၃ ရက် (စနေနေ့)

အမှုဆောင်အဖွဲ့
ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၅၀) နှစ်ရုံ၊ ခုတင် (၁၀၀) သုံးရုံ၊ ခုတင် (၅၀) ငါးရုံ၊ ခုတင်(၂၅) (၁၁)ရုံတို့အတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကိုရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
လားရှိုးမြို့၊
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

ချင်းရိုးရာခွါဒို့ပွဲတော် ကျင်းပမည်

တီးတိန်မြို့နယ်အသင်းမှ ကြီးမှူး၍ ရိုးရာခွါဒို့ပွဲတော်ကြီးကို ၉-၁၁-၂၀၁၃ရက် (စနေနေ့) တွင် TBCY-CHURCH ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တီးတိန်မြို့နယ်အသင်း

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၈၃၈ အမည်ပေါက်ဦးလှမြင့် ISN-၀၅၇၆၉၇၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်)၀၁၀၇၅၄က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၈၄၀ အမည်ပေါက်ဒေါ်သူဇာ ၁၂/ခရန(နိုင်)၀၈၄၄၇၃၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်)၀၁၀၇၅၄က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

မွန်ပြည်နယ်၊ လမိုင်းမြို့နယ်(ခွဲ)၊ မော့ကနင်နေ ဦးထွန်းကြည် ၁၀/ရမန(နိုင်)၀၅၃၃၃၉၏သား မောင်ပုပွားထွန်း ၁၀/လမန(နိုင်)၀၀၈၁၂၂ အား မောင်မြင့်မြတ်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်မြတ်ထွန်း**

ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးကအမှာစကားပြောကြားပြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်/ မြို့နယ်အတွင်း လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၂၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၂)နှင့် မူလတန်းပြဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၅)သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေကျပ် ငါးသိန်းထောက်ပံ့ပေးအပ်သည်။

အောက်တိုဘာ ၃၀ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လူထုဗဟိုပြုစီမံကိန်း တိုင်းဒေသကြီးအတွင်း မြို့နယ်ရွေးချယ်ခြင်းအတွက် အကြံဉာဏ်ရယူခြင်းအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်များအတွက် Solar System ပစ္စည်းများ၊ Sky Net သင်ပုန်းကွန်ပျူတာ၊ စွမ်းအားမြင့် မီးဖိုများ၊ အပေါ့စားမီးသတ်စက်နှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပသော ခရိုင်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၁ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

SKY NET ဂြိုဟ်တုစလောင်း လှူဒါန်းပေးအပ်ပွဲ ကျင်းပ

ကျောက်မြောင်း နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ မြို့နယ်ခွဲအတွင်းရှိ တည်ပင်ကျေးရွာ စာကြည့်တိုက်သို့ SKY NET ဂြိုဟ်တုစလောင်း လှူဒါန်းပေးအပ်မှုအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီကကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကိုယ်စား မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးစည်သူက အမှာစကားပြောကြားပြီးနောက် လှူဒါန်းပေးအပ်ရာ တည်ပင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လင်းက လက်ခံရယူသည်။ **(ယာပုံ)**

ယင်းနောက် တည်ပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းဦးက ကျေးဇူးတင်စကားပြောကြားကြောင်းနှင့် အဆိုပါအခမ်းအနားသို့ မြို့နယ်ခွဲအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တည်ပင်ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဂ္ဂလိကကဏ္ဍပြောင်းလဲရေးဆွေးနွေး

အထက်မင်းလှ နိုဝင်ဘာ ၆

အထက်မင်းလှမြို့နယ် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုမှ ကော်မတီဝင်များတွေ့ဆုံ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၁ နာရီက မင်းလှမြို့နယ်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းကဏ္ဍ ၁၁ ရပ်မှ ဆပ်ကော်မတီဥက္ကဋ္ဌများက ၎င်းတို့၏ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရှိရသည်။

မောင်သိမ်မွှေ့

ရွှေရပ်တော်စေတီတော် ပြုပြင်တည်ဆောက်နေမှုများကို အလှူရှင်နိုင်ငံခြားသားများ ဖူးမြော်

စဉ့်ကူး နိုဝင်ဘာ ၆

၂၀၁၂ ခုနှစ် ငလျင်ဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သော စဉ့်ကူးမြို့ ရွှေရပ်တော် မြတ်စွာဘုရားစေတီတော်ကြီး ပြန်လည်မွမ်းမံတည်ဆောက်နေမှုများကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အလှူရှင် မန္တလေးအခြေစိုက် MYANMAR UPPER LAND (Culture&Travels) မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မျိုးကို ဦးဆောင်သော ဟော်လန်နိုင်ငံသားဧည့်သည်တော်နှစ်ဦးတို့သည် စေတီတော်ကြီးကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းဇော်၊ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘုရားကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

လှူဒါန်း

အဆိုပါ ငလျင်ဒဏ်သင့်ဘုရားစေတီတော်ကြီးကို မန္တလေးအခြေစိုက် MYANMAR UPPER LAND (Culture&Travels) မှ ငွေကျပ်သိန်း ၁၆၀ မတည်အကုန်အကျခံမွမ်းမံပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောစေတီရံနှင့် သာသနိကအဆောက်အအုံများကို မွမ်းမံပြုပြင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဤဘုရားဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(၄၃၃)

အမျိုးသမီးကို စကောဘာဖြင့် ထိုးသူအမျိုးသား နာရီပိုင်းအတွင်းဖမ်းမိ

ရန်ကုန် နိုဝင်ဘာ ၆

နိုဝင်ဘာ ၅ရက် နံနက် ၁ နာရီ ၁၅မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရဲစခန်းပိုင် ဆိပ်ကြီးရပ်ကွက်တာလမ်း စိုက်ပျိုးခြံရှေ့တွင် (၁၈နှစ်)အရွယ်အမျိုးသီးငယ်တစ်ဦး ဒဏ်ရာဖြင့်လဲကျသေဆုံးမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။ မိခင်ဖြစ်သူ ဒေါ်သန်းသန်းအေးမှာ ဆိပ်ကြီးရပ်ကွက် သီရိဇေယျာ (၃) လမ်း နေအိမ်၌ ရှိစဉ်လာအကြောင်းကြားမှုကြောင့် မိမိသမီးဖြစ်သူ မမြင့်မြင့်ဝင်းမှာ တာလမ်းပေါ်၌သေဆုံးနေကြောင်း တွေ့ရသည့်အတွက် စက်ဆန်းရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သည်။စက်ဆန်းရဲစခန်းမှူး ရဲအုပ်ရဲမင်းစိုးနှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက် စုံစမ်းစစ်ဆေးခဲ့ပြီး အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် ကြိုးပမ်းခဲ့ရာ အခင်းဖြစ်ပြီး နှစ်နာရီအတွင်း အမှတ်မရှိ ဖွံ့ဖြိုးရေးတာလမ်းဆိပ်ကြီးရပ်ကွက်နေ မိုးအောင် (၂၅နှစ်)ကို ဖမ်းဆီးနိုင်ခဲ့သည်။

ကိုကြီးတင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးရုံးသစ်ဖွင့်

မြစ်ကြီးနား နိုဝင်ဘာ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ရုံးသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ အဆိုပါရုံးသစ်၌ကျင်းပရာ ဖွင့်ပွဲသို့ ကချင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကမန်းဒူနော်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးကိုကိုအောင်နှင့် ဝန်ထမ်းများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရုံးသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်ဦးစီးမှူး ဦးကိုကိုအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဘောမ်ယိန်း

မဘိမ်းမြို့နယ် ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောက်မဲ နိုဝင်ဘာ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မဘိမ်းမြို့နယ် မလှိုင်ကုန်းကျေးရွာတွင် ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ကို ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇင်ကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက မတည်ငွေကျပ် ၁၀ သိန်းနှင့်ကျေးရွာပြည်သူများမှ လှူဒါန်းငွေကျပ် ၅၇သိန်း စုစုပေါင်း ငွေကျပ် ၆၇ သိန်း အကုန်ကျခံ ဆောက်လုပ်ခဲ့ပြီး စာကြည့်တိုက်အကျယ်အဝန်းမှာ အလျား ၂၄ ပေ၊ အနံ ၂၂ ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

ပျဉ်းမနား နိုဝင်ဘာ ၆

နေပြည်တော် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့က လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က လုံခြုံရေးနှင့်ပတ်သက်၍ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်လက်ပြီးလုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှု၊ တည်းခိုခန်းများတွင် လုံခြုံရေးနှင့်ပတ်သက်၍အချိန်ပြည့်ဆောင်ရွက်သွားကြရန် ထူးခြားမှုဖြစ်ပေါ်ပါက သက်ဆိုင်ရာရပ်၊ ကျေးအုပ်ချုပ်ရေးမှူးရုံးများနှင့် ရဲစခန်းသို့ သတင်းပေးပို့ကြရန် မှာကြားပြီး ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသန်းဝင်းက စီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်းကောင်း၊ တည်းခိုခန်းပိုင်ရှင်များအနေဖြင့်လည်းကောင်း ပေါက်ကွဲပစ္စည်း၊ ဗုံး၊ လက်နက်ခဲယမ်းများ သံသယဖြစ်ဖွယ်တွေ့ရှိပါက ဆက်သွယ်သတင်းပေးပို့ကြရန်နှင့်မိမိလုံခြုံရေး၊ အများပြည်သူလုံခြုံရေးအတွက် ရှေးရှု၍ အစဉ်အမြဲသတိရှိကြစေရန် ဆွေးနွေးမှာကြားခဲ့သည်။

အခမ်းအနားသို့ မြို့တွင်းရှိ တည်းခိုခန်းပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်၊ မိုတယ်မန်နေဂျာများ၊ စူပါမတ်ကက်ဆိုင်ရှင်များ ဖိတ်ကြားထားသူ ၅၀ ခန့်တက်ရောက်ခဲ့သည်။

(၁၅၄)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ယခင် အမက(၉)၊ ယခု အလက(၉) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပနိုင်ရန်အတွက် နှိုးဆော်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ယခင် အမက(၉)၊ ယခု အလက(၉) ကျောင်းကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူထားသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အလက(၉) မြနီလာခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အမိကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့ဖူးသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက

၁။ ဦးဇင်ဘို ဖုန်း-၀၉-၂၅၀၀၁၅၉၇၇၊ ၂။ ဆရာညီညီ ဖုန်း-၀၉-၇၃၀၆၄၁၆၃၊ ၃။ ကိုမျိုးသီဟ ဖုန်း-၀၉-၄၂၀၃၀၉၆၆၇၊ ၄။ ကိုတင့်လွင် ဖုန်း-၀၉-၄၅၀၀၂၇၁၈၉၊ ၅။ ကိုခင်ငြိမ်း ဖုန်း-၀၉-၄၂၀၀၇၃၈၀၊ ၆။ ကိုမြင့်ဟန် ဖုန်း-၀၉-၃၁၃၄၃၄၆၈၊ ၇။ ဒေါ်ပြုံး(ခ)ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၇၃၁၅၀၀၂၅၊ ၈။ ဒေါ်မြင့်မြင့်ဝေ ဖုန်း-၀၉-၄၂၀၁၆၀၆၄၇၊ ၉။ မချိုချိုဝေ ဖုန်း-၀၉-၄၅၀၀၁၇၄၄၂၊ ၁၀။ မနီနီဝင်း ဖုန်း-၀၉-၂၅၀၀၁၃၁၀၇၊ ၁၁။ မခင်ခင်ညို ဖုန်း-၀၉-၇၃၁၇၂၇၄၂၊ ၁၂။ မတိုးတိုးဝင်း ဖုန်း-၀၉-၄၂၈၀၁၅၉၄၉၊ ၁၃။ မခင်စန်းထွေး ဖုန်း-၀၉-၇၃၀၇၄၁၄၂

မော်လမြိုင်အသင်း(ရန်ကုန်) စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မော်လမြိုင်မြို့နယ်သူမြို့နယ်သားများနှင့် ဓမ္မမိတ်ဆွေများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

(80)TON CRAWER CRANE
SUMITOMO LINK BELT
LS 218 RH BOOM LENGTH-45M
ညှိနှိုင်းဈေးဖြင့်ရောင်းမည်
ဖုန်း-၀၉၈၅၅၄၁၈၊ ၀၉၄၂၁၀၄၀၄၇၈

ပဲခူးမြို့၊ အထက(၂) (၂၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ပဲခူးမြို့၊ အထက(၂) (၂၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ပူဇော်ပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

(၁) ဆရာဦးမြင့်သန်း (ရန်ကုန်) ဖုန်း-၀၁-၅၀၃၀၆၉
(၂) ဦးမြိုင် (ရန်ကုန်) ဖုန်း-၀၉-၅၁၈၄၉၄၉
(၃) ဦးကြင်လှိုင်(ဥက္ကဋ္ဌ) (ပဲခူး) ဖုန်း-၀၉-၅၃၀၀၃၃၀
(၄) ဒေါ်စန်းတင် (ပဲခူး) ဖုန်း-၀၅၂-၂၂၀၅၅
(၅) ဦးထွန်းမင်း (ပဲခူး) ဖုန်း-၀၉-၄၃၀၀၇၅၃၄

ကျင်းပရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၈၃၉ အမည်ပေါက် ဦးတင်အောင် ၁၂/ကခက(နိုင်)၀၈၄၄၇၃၈၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြဝင်း ၈/စလန(နိုင်)၀၁၀၇၅၄က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း ၃ လမ်း၊ အမှတ် ၈၁၆ (ဘီ-4) (ခြေရင်းခန်း)၊ (၇)ရပ်ကွက်နေ အလျားပေ ၅၀×အနံ ၁၂.၅ပေရှိ တိုက်ခန်းကို မူလအမည်ပေါက်ဦးသိန်းချိုမြင့် ၆/မအရ(နိုင်)၀၉၀၅၀၀ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ ကြေညာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ပြည့်ပြီး အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မငြိမ်းအေး ၁၃/သပန(ဧည့်)၀၀၀၁၆၂ ဖုန်း-၀၉-၇၃၀၉၄၂၉၆

မှုခင်းသတင်းနှင့်ကြော်ငြာ

ယာဉ်ကိုခဲဖြင့်ပစ်ပေါက်သူအား အရေးယူ

နေပြည်တော် နိုဝင်ဘာ ၆

ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၉/၂-၃) ကြားတွင် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က နေပြည်တော်မှ ရန်ကုန်သို့ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်နေ ဦးကျော်ကျော် (၃၇နှစ်) မောင်းနှင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ တင်ဆောင်လာသည့် ၂ဃ/--- ဖြူနီကျားမှန်လုံယာဉ်နောက်ပိုင်းကို ခဲမှန်သဖြင့် ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ဆုံးခုံတန်း ယာဘက်ဘေးမှန်သုံးလက်မခန့် ပေါက်သွားပြီး နောက်တန်း ယာဘက်ခုံတွင် လိုက်ပါလာသည့် နေပြည်တော်နေ ဦးထိန်လင်း (၄၆ နှစ်)၏ ယာမျက်လုံးကို မှန်စထိမှန်ဒဏ်ရာရရှိခဲ့သည်။ သို့ဖြစ်၍ ယာဉ်ကိုခဲဖြင့် ပစ်ပေါက်သူအား အရေးယူပေးရန် ဦးကျော်ကျော်က ဖုန်းဖြင့် တိုင်ကြားခဲ့သောကြောင့် ဘောနက်ကြီး အမြန်လမ်းရဲခစန်းက အမှုဖွင့်စုံစမ်းခဲ့ရာ ခဲဖြင့်ပစ်ပေါက်သူမှာ ပဲခူးမြို့နယ် ဘောနက်ကြီးကျေးရွာနေ ဖိုးပိန်(ခ) စန်းဝင်းနိုင် (၃၄)နှစ်ဖြစ်ကြောင်းသိရ၍ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(ကိုရဲ)



တရားမဝင်နွားမှောင်ခိုများ ဖမ်းဆီးရမိ

ပင်လည်ဘူး နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်လောင်းရွာမြောက်ဘက် အောင်းကုန်းရွာသွားလမ်းမပေါ်တွင် တရားမဝင်ကျွဲ/နွားမှောင်ခိုပြုလုပ်သူများ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပင်လည်ဘူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မျိုးမြင့်အောင်နှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ထွဋ်၏ ကျွဲ/နွားမှောင်ခိုပပျောက်ရေးစီမံချက်အရ သက်သေများနှင့်အတူ ပင်လောင်းကျေးရွာမြောက်ဘက် ပင်လောင်း-အောင်းကုန်းရွာသွားလမ်းမပေါ်တွင် နွားများတရားမဝင်သယ်ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ စောင့်ဆိုင်းနေစဉ် သောင်းရွှေပါ သုံးဦးတို့အား အောက်ပါ သက်သေခံနွားများနှင့်အတူ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိဖမ်းဆီးရာ စက်ဝင်းဆိုသူမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး သောင်းရွှေနှင့် မောင်ဆန်းတို့အား စစ်မေးရာ ခွင့်ပြုချက်အထောက်အထားမပါဘဲ ၎င်းနွားများအား ပင်လယ်ဘူးမြို့နယ်အတွင်းမှ ဝယ်ယူပြီး ဗန်းမော်မြို့နယ်မှတစ်ဆင့် ကချင်ပြည်နယ်သို့ ပို့ဆောင်မည့် မှောင်ခိုနွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖမ်းဆီးအရေးယူဆောင်ရွက်ထားသော အမှုဖြစ်ကြောင်း သိရသည်။ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ နွားထီးကိုးကောင် ကာလတန်ဖိုးငွေကျပ် ၂၇ သိန်းခန့်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်နွားမှောင်ခိုပြုလုပ်သူ သောင်းရွှေ (၃၇ နှစ်)၊ တောင်သူ ဆိုင်းရာကြီးကျေးရွာ ပင်လည်ဘူးမြို့နယ်၊ မောင်ဆန်း (၄၀ နှစ်) တောင်သူ သီလရွာ အင်းတော်မြို့နယ်နေသူနှင့် စက်ဝင်း (၂၈ နှစ်)တောင်သူ ဆိုင်ရာကြီးကျေးရွာ ပင်လည်ဘူးမြို့နယ်(ပြေး)တို့အား အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ကားတိမ်းမှောက်၍ တစ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရ

မကွေး နိုဝင်ဘာ ၆

မကွေးမြို့ ကံပြားကျေးရွာအနီးတွင် နိုဝင်ဘာ ၄ ရက် နံနက် ၇ နာရီခွဲက ဂျစ်ကားတစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့သောကြောင့် တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့နယ် ကဒေါင်းကြီးကျေးရွာနေ ယာဉ်မောင်း ဇော်ဌေးအောင်(၂၇နှစ်) မောင်းနှင်လာသော ၆က/---ဂျစ်ကားသည် နတ်မောက်လမ်းအတိုင်း မောင်းနှင်လာရာ ကံပြားကျေးရွာအလွန် မိုင်တိုင်အမှတ် (၃၃၇/၂) အနီးတွင် အရှိန်မထိန်းနိုင်ဖြစ်၍ ဘယ်ဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ ကဒေါင်းကြီးကျေးရွာနေထိုင်သူများဖြစ်ကြသော ဦးကျော်(၅၂ နှစ်)၊ ဦးဝင်းညွန့် (၃၇နှစ်)၊ ဦးဝင်းမိုး(၄၁နှစ်)၊ ဦးမြင့်ဝင်း (၃၆နှစ်)၊ ဒေါ်သင်းသင်းခိုင်(၃၄နှစ်)၊ ဦးဘိုရဲ (၅၈နှစ်)၊ မသန်းသန်းခိုင် (၂၇နှစ်)၊ မပပလင်း(၂၆နှစ်)၊ မအေးအေးမွန် (၂၁နှစ်)တို့မှာ ဒဏ်ရာများရရှိခဲ့သောကြောင့် တာဝန်ရှိသူများက မကွေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ဦးကျော် (၅၂နှစ်) ကဒေါင်းကြီးကျေးရွာ နေထိုင်သူမှာ ဦးခေါင်းယာဘက် ဦးရေပြားလန်ဒဏ်ရာ၊ ယာဘက်တံတောင်ပွန်း ဒဏ်ရာ၊ ဝဲဘက် ပေါင်ပွန်းဒဏ်ရာ၊ ယာဘက် ဒူးပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်းသိရသည်။

တိုင်တန်း

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ကဒေါင်းကြီးကျေးရွာနေ ယာဉ်မောင်း ဇော်ဌေးအောင်အား ဥပဒေအရ အရေးယူပေးပါရန် ရဲအုပ်ခင်မောင်ထူးက တရားလိုပြုတိုင်တန်းထားကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

စက်လှေနှစ်စင်း တိုက်မိ

နေပြည်တော် နိုဝင်ဘာ ၆

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာနှင့် ဆယ်မိုင်ကျေးရွာကြား ကပ္ပလီပင်လယ်ပြင် အုန်းကျွန်းအနီးတွင် နိုဝင်ဘာ ၃ ရက် နံနက် ၇နာရီခန့်က လှေနှစ်စင်းတိုက်မိကြောင်း သတင်းအရ ကော့သောင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နိုဝင်ဘာ ၂ ရက် ည ၉ နာရီခွဲက အုန်းကျွန်းအနီး မပုတေးကျေးရွာမှ ဦးစိုးနိုင်ပိုင် အလျား ပေ ၅၀၊ အနံ ခုနစ်ပေ၊ ဇောက် ခြောက်ပေခန့်ရှိ ဦးချွန်ပဲ့ချွန်အမျိုးအစား မင်းသူအောင် (၁) ငါးကဲ့လှေနှင့် ပုလုံးတုံးကျေးရွာနေ ဦးဇော်လွင်ပိုင် အလျား ပေ၆၀၊ အနံ ရှစ်ပေ၊ ဇောက် ကိုးပေခန့်ရှိ အင်ကြင်းဖြူ ငါးကဲ့လှေကို တိုက်မိခဲ့ကြောင်း၊ ထိုသို့တိုက်မိမှုကြောင့် မင်းသူအောင် (၁)လှေမှာ နစ်မြုပ်သွားခဲ့ပြီး မပုတေးကျေးရွာနေ လှေမောင်း ဦးစိုးသန်း (ခ) နာအိ(၄၇နှစ်)နှင့် လှေနောက်လိုက်ကျော်ဇင်မိုးတို့မှာ ရေထဲသို့ပြုတ်ကျသွားပြီး ဦးစိုးသန်း(ခ) နာအိအား ပုလုံးတုံးကျေးရွာနေ ဦးဌေးအောင်၏ လှေမှ တွေ့ရှိကယ်ဆယ်နိုင်ခဲ့ပြီး ကျော်ဇင်မိုးမှာ ပျောက်ဆုံးလျက်ရှိကြောင်း။ အင်ကြင်းဖြူ ငါးကဲ့လှေမောင်းမှာ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်နေ ဦးခင်ညွန့် ၅၄ နှစ်ဖြစ်ပြီး ၎င်းငါးကဲ့လှေမှာ ပြန်လည်ရောက်ရှိလာခြင်း မရှိသေးကြောင်း စုံစမ်းသိရှိရသောကြောင့် ဦးခင်ညွန့်အား ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ကိုရဲ)

ရေချိုးရန် ချောင်းအတွင်းဆင်းစဉ် သူငယ်ချင်းနှစ်ဦး ရေနစ်သေဆုံး

နေပြည်တော် နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်နေ မောင်စည်သူ (၁၇ နှစ်)နှင့် တစ်ရပ်ကွက်တည်းနေ အောင်ကောင်းမြတ် (၁၇ နှစ်)၊ မြတ်လေးမောင်၊ ကျော်ဇေလှိုင်တို့ လေးဦးသည် နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီခန့်က ကျေးရွာနယ်မြေများအတွင်း အလှဓာတ်ပုံများရိုက်ကူးရန် ထွက်လာခဲ့ပြီး ဒန်ကျင်းချောင်းမကြီးသို့ ရောက်ရှိစဉ် ဓာတ်ပုံများရိုက်ကူးပြီး အောင်ကောင်းမြတ်နှင့် စည်သူတို့နှစ်ဦး ချောင်းအတွင်းရေချိုးရန် ခုန်ဆင်းသွားခဲ့သည်။ ထိုသို့ခုန်ဆင်းစဉ် ရေနစ်သဖြင့် မြတ်လင်းမောင်က ဆင်း၍ ကယ်ဆယ်သော်လည်း မရရှိသောကြောင့် မြတ်လင်းမောင်အား ကျော်ဇေလှိုင်က ပြန်လည်ဆွဲတင်ခဲ့ရပြီး ရေနစ်ခဲ့သည့် စည်သူနှင့် အောင်ကောင်းမြတ်တို့အား ဒန်ကျင်းရွာသားများက ဆယ်ယူထားရှိကြောင်း သတင်းအရ လက်ပံဖျားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရေနစ်သေဆုံးသူ စည်သူနှင့် အောင်ကောင်းမြတ်တို့တွင် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရသောကြောင့် ကျောက်ပန်းတောင်း ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ လက်ပံဖျားနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကိုရဲ)

ဒေါင်းမြူးချောင်း၌ လူတစ်ဦးရေနစ်သေဆုံး

ကောလင်း နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ရွှေတွင်းရွာအနီး ဒေါင်းမြူးချောင်းအတွင်းတွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲခန့်က အိုင်ကြီးရွာနေ လှိုင်ထွန်းဆိုသူသည် တစ်ရွာတည်းနေ မောင်ပု၊ သန်းဇော်ဝင်း၊ ကျော်ဆန်းဦး၊ နိုင်ဝင်းတို့နှင့်အတူ ငါးများသွားကြရာမှ အိမ်ပြန်ရန်အတွက် ဒေါင်းမြူးချောင်းအတွင်း ရေကူးပြန်ကြရာ ဝါးနှစ်ပြန်ခန့်အကွာ ချောင်းအတွင်း လှိုင်ထွန်းမှာရေထဲနစ်မြုပ်သွားသဖြင့် လိုက်လံရှာဖွေကြရာ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရွှေတွင်းရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ ချောင်းအတွင်း မျောပါလာစဉ်တွေ့ရသဖြင့် မမွှတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသည်။

သေဆုံးသူမှာ လှိုင်ထွန်း(၂၉ နှစ်)တောင်သူ အိုင်ကြီးရွာ ကောလင်းမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)

တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၆

အောက်တိုဘာ ၃၀ ရက်က ရှမ်းပြည်နယ်(လားရှိုး) နောင်ချိုမြို့နယ် ကုန်းကြီးရွာမကျေးရွာ အရှေ့ဘက် တစ်ဖာလုံခန့်အကွာ၌ တရားမဝင်ကျွန်းသစ် နှစ်လုံး ၁ ဒသမ ၈၇၉ တန်၊ တမလန်း၊ ပိတောက်ခါးရွှေ ၄၉ တုံး ၈ ဒသမ ၃၅၈ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

(သတင်းစဉ်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်လမ်း၊ မြေကွက်အမှတ် ဥ ၅၃၈၁ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးခင်ဇော်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးခင်ဇော်က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးသန့်ဇင်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသန့်ဇင် ၁၂/မဂတ(နိုင်)၀၈၂၁၀၆
အမှတ် ၄၃၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊(ခ)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ် ၂၊ (၅၉ပေ× ပေ ၁၀၀× ၅၅ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်မြင့်ဆွေမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇာဇာဝင်း LL.B
စဉ်-၄၁၁၂၃

ဒေါ်ဇင်ဝေမိုး LL.B, DBL,DIL
စဉ်-၃၉၀၀၄

အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၄၃၁၈၆၀၂၅၊ ၀၉-၄၂၅၀၁၈၂၇၃၊ ၀၉-၇၃၁၆၁၂၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊မုဒိတာအိမ်ရာ(၁)၊ တန်ဖိုးနည်းကွန်ဒို၊ တိုက်ခန်းအမှတ် C-127၊ မြေညီထပ်၊ အလျား ၁၅ပေ×အနံပေ ၄၀ အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ မဇာခြည်ဝင်းမှ အရှုပ်အရှင်းကင်းစွာ ရောင်းချလိုသည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီး တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချယ်ရီဝင်း LL.B, D.B.L,D.I.L
စဉ်-၂၉၉၀၉

ဒေါ်ဇင်ဝေမိုး LL.B, D.B.L,D.I.L
စဉ်-၃၉၀၀၄

အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၄၃၁၈၆၀၂၅၊ ၀၉-၄၂၁၀၀၉၆၉၈၊ ၀၉-၇၃၁၆၁၂၃၂

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၂၂၇၊ မြေကွက်တည်နေရာအမှတ် ၂၇၈၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဇော်ထိုက်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဇော်ထိုက်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကြည်သန်း ၁၂/ဒပန(နိုင်)၀၁၃၅၄၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊မြေကွက်အမှတ် ၁၅၁၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၁၄/ခ၊ ထူပါရုံ ၁၆ လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညွန့်စိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်စိန်(မိခင်)နှင့် ဦးစိန်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်ကြည်ကြည်သန်း(ခ)ကြည်ကြည်စန်း ၁၂/သကတ(နိုင်)၀၉၃၃၄၁၊ (၂) ဦးအေးငွေ ၁၂/သကတ(နိုင်)၀၉၃၃၈၁တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းဖြင့် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၂၃၆-ခ၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်နှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်သန်းသန်း ၁၂/ဥကတ(နိုင်)၀၈၉၇၃၅အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းမှ မိမိပိုင်ဆိုင်သော အထက်ပါမြေနှင့်အိမ်အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေအား ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ၊ မြေကွက်အမှတ် ခ/၂၄၀၊ မြေကွက်တည်နေရာအမှတ် ၂၄၀/ခ၊ အောင်မေတ္တာလမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ ဒေါပုံ ဦးမောင်နွဲ့အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်နွဲ့(ဖခင်)နှင့် ဒေါ်သန်းမြင့်(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးကျော်ဝင်း ၁၂/အစန(နိုင်)၀၀၀၁၇၈၊ ဒေါ်စန်းစန်းကြည် ၁၂/ဒပန(နိုင်)၀၁၉၁၇၃၊ ဦးမြင့်အောင် ၁၂/ဒပန(နိုင်)၀၁၉၀၈၈၊ ဒေါ်စန်းစန်းမြင့် ၁၂/ဒပန(နိုင်)၀၃၆၅၅၇၊ ဒေါ်စန်းစန်းရီ ၁၂/ဒပန(နိုင်)၀၁၆၂၀၅တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၂၃၄/ခ၊ မြေကွက်တည်နေရာအမှတ် ၂၃၄/ခ၊ အေးရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြေကွက်အား ဦးသောင်းညွန့် ၁၂/သဃက(နိုင်)၀၂၀၂၃၃က လေးမြို့နယ် ဂရန်စီမံချက်ကာလက မြေစည်ပင်စရိတ်နှင့် ဂရန်ဝန်ဆောင်ခပေးသွင်းခဲ့ပြီးဖြစ်သော်လည်း ဂရန်ထုတ်ယူခဲ့ခြင်းမရှိသဖြင့် ဂရန်ဝန်ဆောင်ခငွေသွင်းချလန်အားတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

7-11 (18).pmd 1 11/6/2013, 9:34 AM

ရွှေဘုန်းပွင့်စေတီတော်မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ကြီး၏ (၂၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ကပ်လှူပွဲကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် နိုဝင်ဘာ ၁၆ရက်(စနေနေ့) ညနေ ၅ နာရီတွင် စေတီတော် သာသနဗောဓိက ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲတွင် ဂေါတမီ၊ ခေမာ၊ ဥပ္ပလဝဏ်၊ ဒန္နိကာ၊ သုမေဓာ၊ သာမာဝတီ၊ ဝိသာခါ၊ ဓမ္မဒိန္နာ၊ သုဘဒ္ဒါ၊ ပပဝတီ၊ ယသော်ဓရာနှင့် မယ်တော်မာယာစသည့် ရက်ကန်းစင်တော် ၁၂ စင်တို့က ယှဉ်ပြိုင်ကြမည်။

မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၁၇ ရက် နံနက် ၄ နာရီတွင် စေတီတော်မြတ်ကြီးနှင့် စေတီရံများ၊တန်ဆောင်းများရှိ ဗုဒ္ဓဆင်းတုတော်များအား ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဆုပေးပွဲအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် ကျင်းပပြီး ပထမဆု ငွေကျပ် ၁၆၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၃၀၀၀၀၊ တတိယဆု ငွေကျပ် ၁၁၀၀၀၀နှင့် ကျန်ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပြီး ဧည့်သည်ပရိသတ်များကိုအငြိမ့်၊ မြန်မာဆိုင်းဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ရိရိသန့်

ပါဠိပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲကျင်းပမည်

ပခုက္ကူ နိုဝင်ဘာ ၆

ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တက အသင်းကြီးအနေဖြင့် ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ယခု ၁၃၇၅ ခုနှစ်မှစ၍ ပခုက္ကူမြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲကြီးကို ပြာသိုလဆန်း ၁၀ ရက်မှ ပြာသိုလဆန်း ၁၃ ရက်အထိ ဝင်ခွင့်အာဂုံစာမေးပွဲကို လည်းကောင်း၊ ပြာသိုလပြည့်ကျော် ၁ ရက်မှစ၍ (ဥပုသ်နေ့မပါ) ရေးဖြေစာမေးပွဲကို ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက် မြို့မလမ်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

ဝင်ရောက်ဖြေဆိုကြမည့်ရဟန်းသာမဏေ၊ သီလရှင်နှင့်လူပုဂ္ဂိုလ်များ အနေဖြင့်စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သာသနစက္ကပ္ပဝတ္တကအသင်းရုံးတွင် ရယူ၍တန်ဆောင်မုန်းလဆန်း ၁ရက်မှ တန်ဆောင်မုန်းလကွယ်နေ့အတွင်း နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာတင်သွင်းနိုင်ကြောင်း အသင်းက နှိုးဆော်ထားကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ရန်ကုန်မြို့၌ ဆီးဂိမ်းအကြို ကာတွန်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

မကြာမီကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၃ လမ်း (အောက်လမ်း) ကာတွန်းဦးဘဂျမ်းလမ်းတွင် နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ဆီးဂိမ်းအကြို ကာတွန်းပြိုင်ပွဲကြီး ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

"ဒီပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပလာတာ အခုဆိုရင် အကြိမ် (၇၀) တောင်ရှိပါပြီ။ နှစ်စဉ် တန်ဆောင်တိုင်မှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနဲ့အတူ ထည့်သွင်းကျင်းပပေးခဲ့တာပါ။ပြိုင်ပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ကာတွန်းဆရာကြီး ဦးဘဂျမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတစ်ဝန်း မျိုးဆက်သစ်ကာတွန်းပညာရှင်တွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၄၀ ကျော်မှ ပြန်လည်ကျင်းပခွင့်ရခဲ့တဲ့ ဆီးဂိမ်းကိုလည်း ဂုဏ်ပြုတဲ့အနေနဲ့ ဒီကာတွန်းပြိုင်ပွဲကို ဆီးဂိမ်းအားကစားပွဲတော်လို့ ခေါင်းစဉ်ပေးထားတာဖြစ်ပါတယ်" ဟု ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောကြားခဲ့သည်။

အဆိုပါကာတွန်းပြိုင်ပွဲကို အသက် ၁၅ နှစ်အထက်မည်သည့်ကာတွန်းဝါသနာရှင်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့်ရေးဆွဲရမည့် စက္ကူအရွယ်အစားမှာ (၁၀ × ၁၅) လက်မဖြစ်ပြီး မိမိကြိုက်နှစ်သက်သည့် Median (ခဲ၊ ရေဆေး၊ ဆီဆေး) စသည့်တို့ဖြင့် ရေးဆွဲပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ကာတွန်းပုံစာမူများသည် မိမိကိုယ်တိုင် မူရင်းရေးဆွဲထားသည့် လက်ရာများဖြစ်ရမည်ဖြစ်ပြီး ကွန်ပျူတာဖြင့် အထူးပြုလုပ်ဖန်တီးထားသည့်ကာတွန်းပုံများမဖြစ်စေရန်နှင့် အခြားမည်သည့်နေရာများမှ အသုံးပြုဖော်ပြထားခြင်းမပြုလုပ်ထားသည့်ပုံများဖြစ်ရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ပြိုင်ပွဲဝင်ကာတွန်းပုံသုံးပုံအထိ ရေးဆွဲပေးပို့နိုင်သည်။

ပြိုင်ပွဲတွင် မိမိပေးပို့ထားသည့်ပုံ အရွေးချယ်ခံရပါက ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းခွဲ၊ တတိယဆုငွေကျပ်နှစ်သိန်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်းခွဲနှင့် ပဉ္စမဆုငွေကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတစ်ဝန်းမှ ကာတွန်းဝါသနာရှင်များ၊ ကာတွန်းစာမူပုံများပေးပို့မည်ဆိုပါက မိမိရေးဆွဲထားသော ကာတွန်းများကို ကိုယ်တိုင်ရေးဆွဲထားကြောင်းဝန်ခံကတိပြုချက်၊ ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ဖုန်းနံပါတ်နှင့်အတူပြိုင်ပွဲဝင် ကာတွန်းပုံစာမူများကိုနိုဝင်ဘာ ၈ရက် ညနေ ၅နာရီတွင်နောက်ဆုံးထား၍ ဦးသန်းဝင်း အမှတ်၂၂(ပထမထပ်)၁၃လမ်း(အောက် လမ်း) အမှတ် ၆ရပ်ကွက် လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူပြီး ပေးပို့နိုင်ကြောင်းနှင့်အရွေးချယ်ခံရသော ကာတွန်းစာမူပုံများကိုကြော်ငြာ၍ ဆုချီးမြှင့်ပွဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ပုသိမ်ကြီးမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့် ပေးအပ်ပွဲကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီက ရန်ကင်းတောင်ခြေ သဒ္ဓမ္မမာမက ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပုသိမ်ကြီးမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းသည်။ ၎င်းနောက် မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကပေးအပ်ရာ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ ကိုယ်စားလှယ်များက လက်ခံရယူသည်။ **(အပေါ်ပုံ)**

